# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၉ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၁၉၂)


# ကျောင်းသားများအပါအဝင် နိုင်ငံရေး အကျဉ်းသားများ အားလုံး လွတ်ပြီ



**နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၊ အမှုရင်ဆိုင်နေရဆဲ ကျောင်းသား ကျောင်းသူများ ပြန်လည်လွတ်မြောက်လာသည်ကို တွေ့ရစဉ်**
ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

**နေပြည်တော် ဧပြီ ၈**

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများနှင့်စပ်လျဉ်းသည့် အမှုများမှ ရုပ်သိမ်းပြီးသူ ၁၃၈ ဦးကို ယနေ့လွှတ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား ကျောင်းသူများ လွတ်မြောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်တွင် ကြေညာချက်အမှတ် (၁/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီးနောက် ယခုကဲ့သို့ ချက်ချင်းအရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပဲခူး၊ မကွေး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများအတွင်းရှိ တရားရုံးများမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ အရ ရုပ်သိမ်းသောအမှုမှ ယနေ့ည ၈ နာရီခွဲအထိ လွှတ်ပေးခဲ့သူများမှာ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၂၅ ဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၃၈ ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ထို့အပြင် သက်ဆိုင်ရာအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက်ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် နှစ်သစ်ကူးအခါသမယတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐






မြန်မာ့အလင်း

# ပထမ ရက် ၁၀၀၏ ကနဦးနေ့ရက်များ

ဒီမိုကရေစီစနစ်အရ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်၏ အရည်အသွေးကို ထိုအစိုးရ၏ ပထမဆုံးရက် ၁၀၀ အတွင်း ဆောင်ရွက်ပုံများကိုကြည့်၍ အကဲဖြတ်ကြသည်ဟု ဆိုသည်။ ထိုအလေ့မှာ ကမ္ဘာ့ဒီမိုကရေစီဘိုးအေနိုင်ငံကြီးဖြစ်သော အမေရိကန်နိုင်ငံတွင် သမ္မတ ဖရန်ကလင်ဒီရူးစဗဲ့ လက်ထက်မှ စတင်ခဲ့သည်။ အစိုးရသစ်၏ ပထမဆုံးရက် ၁၀၀ တွင် နိုင်ငံ၏ ပြဿနာများကို မည်သို့ရှုမြင်၊ မည်သို့ချဉ်းကပ်၍၊ မည်သို့ဖြေရှင်းသနည်း····စသည်··။

ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ဒီမိုကရေစီ အရပ်သားအစိုးရတစ်ရပ် တက်ရောက်လာသောအခါ မိမိတို့တင်မြှောက်လိုက်သော အစိုးရ၏ အရည်အသွေးကို သိလိုစိတ်ဖြင့် ပြည်သူများက စိတ်ဝင်တစား စောင့်ကြည့်ကြသလို စတုတ္ထမဏ္ဍိုင်မှ မီဒီယာများကလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်ကြီးတို့ကို ထိန်းညှိသောအားဖြင့် စောင့်ကြည့်ကြသည်။

ဒီမိုကရေစီအစိုးရ၏ ကနဦးနေ့ရက်တွင် နိုင်ငံပိုင်သတင်းစာနှစ်စောင်၏ ပြုပြင်ပြောင်းလဲမှုဖြင့် သိသာထင်ရှားစွာ စတင်ဖွင့်လှစ်ခဲ့သည်။ ရက်ပိုင်းအတွင်းမှာပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို အတည်ပြုသည်။ အစိုးရယန္တရား လည်ပတ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးစတင်ကျင်းပသည်။ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်လာသည့် ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်ရေးထိုး၍ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ချက်ချင်းအရေးယူဆောင်ရွက်ခြင်းအားဖြင့် ပဲခူး၊ မကွေး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများအတွင်းရှိ တရားရုံးများမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၉၄)အရ အမှုများကို ရုပ်သိမ်း၍ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၂၅ ဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၃၈ ဦးတို့ကို လွှတ်ပေးခဲ့သည်။

ထို့အပြင် သင်္ကြန်နှစ်သစ်ကူးချိန်ရောက်ရှိတိုင်း ခံစားခွင့်ပြုနေကျ နှစ်သစ်ကူး အထူးဆုမှတ်ရက်(ကြိုတင်လျှော့ရက်)များဖြင့် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၁၇၈ ဦးတို့ကိုလည်း လွှတ်ပေးခဲ့သည်။ ကျန်အမှုရင်ဆိုင်လျက်ရှိသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ အမြန်ဆုံးပြန်လည်လွတ်မြောက်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုရာ ဆောင်ရွက်ဖွယ်ရှိသည်များကို အမြန်ဆောင်ရွက်ခြင်းနှင့် ပွင့်လင်းစွာ အသိပေးကြေညာခြင်းတို့ဖြင့် ပြည်သူကိုအမြင်ရှင်းစေသည်။

မိမိတို့နိုင်ငံတွင် ရေတိုရေရှည်ဖြေရှင်းရမည့် အရေးကိစ္စများရှိနေရာ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ မြင့်မားလှသော မျှော်လင့်ချက်များ၊ တောင်သူလယ်သမား၊ အလုပ်သမားရေးရာများ၊ မြေယာပြဿနာများ စသည်စသည်တို့က စိန်ခေါ်မှုများအဖြစ် စောင့်ကြိုနေကြသည်။ မည်သို့ပင် အခက်အခဲများရှိနေစေကာမူ ပြည်သူ၊ အစိုးရ၊ တပ်မတော်နှင့် နိုင်ငံရေးအင်အားစုများက တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၁၆)

၁။ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွယ်ပြီး အမှုရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့သဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။

၂။ နိုင်ငံတော်အစိုးရ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က အစွမ်းဆောင်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်

# နိုင်ငံတော်အဖွဲ့အစည်းများမှ ယာယီပံ့ပိုးပေးမည့် မဏ္ဍပ်ခုနစ်ခုရှိကြောင်း ဝန်ကြီးချုပ်ပြောကြား



**ရန်ကုန် ဧပြီ ၈**

ရန်ကုန်မြို့၏မဟာသင်္ကြန်ပွဲတော်ကြီးကို အမြို့မြို့အနယ်နယ်တွင် စည်ကားစေချင်သည့်အတွက် ခရိုင်လေးခရိုင်၌ မဏ္ဍပ်လေးခုဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဧပြီ ၈ ရက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးအတွင်းပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

"အစိုးရအဖွဲ့အစည်းတွေကပဲ သင်္ကြန်ကို ကြပ်မတ်ပြီးဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့က ပြည်သူလူထုဘက်ကနေ ဦးဆောင်ပြီးကျင်းပနိုင်ဖို့အတွက် အစိုးရကထိန်းညှိပေးတဲ့အခြေအနေမျိုးကို ကျွန်တော်တို့စတင်မှာဖြစ်ပါတယ်။ စတင်တဲ့နှစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်အဖွဲ့အစည်းတွေကနေ ယာယီပံ့ပိုးပေးမယ့်မဏ္ဍပ် ခုနစ်ခုလောက်ရှိပါတယ်။ အဲဒါကတော့ မြို့တော်ခန်းမရှေ့မှာရှိတဲ့ ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေကစားဗဟိုမဏ္ဍပ်၊ ပူးပေါင်းဆောင်ရွက်တဲ့သူတွေကတော့ အနုပညာရှင်တွေ၊ ပြည်သူလူထုတွေ၊ ယိမ်းအကဖျော်ဖြေမယ့် နယ်မြေအသီးသီး၊ ကျောင်းအသီးသီး၊ တိုင်းရင်းသားအသီးသီးနဲ့ ကျွန်တော်တို့ပူးပေါင်းပြီး ဆောင်ရွက်ဖို့ ပြင်ဆင်ထားတဲ့ မဏ္ဍပ်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခရိုင်လေးခရိုင်မှာ မဏ္ဍပ်လေးခုဆောင်ရွက်ဖို့ တိုက်တွန်းထားပါတယ်။ ဒါကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးတွေက ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

မဟာသင်္ကြန်ပွဲတော်တွင် သံချပ်များ၊ အကအလှ ဖျော်ဖြေမှုများကို ခေါ်ယူ စိစစ်ခြင်းမပြုလုပ်ဘဲ ကိုယ့်အသိတရားနှင့် စည်းမျဉ်း၊ စည်းကမ်းဘောင်ထဲက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်ကြီးကို ပြည်သူလူထု ပါဝင်ကျင်းပနိုင်ရန်အတွက် အခွင့်အလမ်းပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရမဏ္ဍပ်ခုနစ်ခုတွင် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်၊ ခရိုင်လေးခုမှ မဏ္ဍပ်လေးခု၊ မြန်မာ့ အမျိုးသားလေကြောင်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေး မဏ္ဍပ်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့အမျိုးသားလေကြောင်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေး ပါဝင်ရခြင်းနှင့်ပတ်သက်ပြီး ဦးဖြိုးမင်းသိန်းက "ဘာကြောင့် ဒီနှစ်ခု ပါဝင်နေသလဲဆိုရင် ဒီနှစ်ခုက အစိုးရကအပြည့်ပါဝင်ထားတဲ့ အစိုးရရဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရက ကိုင်တွယ်ထားတဲ့ အဖွဲ့အစည်းတွေတော့မဟုတ်ပါဘူး။ ဒါပေမယ့် အစိုးရရဲ့ အရင်းအနှီးတွေနဲ့ ထူထောင်ထားတဲ့စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ ဒီနှစ်ခုကနေပြီးတော့ မဟာသင်္ကြန်ပွဲတော်မှာ ပါဝင်ဖို့ရှိပါတယ်။ ဒီနှစ်ခုကလွဲရင် ပုဂ္ဂလိကမဏ္ဍပ်မှာ မဏ္ဍပ်အကြီး ၁၉ ခုရှိပါတယ်။ အဲဒီ ၁၉ ခုမှာ နိုင်ငံပိုင်က ခုနစ်ခုရှိပြီး၊ ပုဂ္ဂလိကက ၁၂ခုရှိပါတယ်။ ဒါက မဏ္ဍပ်ကြီးတွေဖြစ်ပါတယ်။ မဏ္ဍပ်ကြီးများဆိုတာက ပေ ၁၀၀ ကျော်အထက် မဏ္ဍပ်ကြီးတွေကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒီနောက်မှာ မဏ္ဍပ်အလတ်တွေဖြစ်ပါတယ်။ အဲဒီ မဏ္ဍပ်အလတ်များကတော့ နှစ်ခုရှိပါတယ်။ မဏ္ဍပ်အသေးကတော့ ၁၈၉ ခုရှိမှာဖြစ်ပါတယ်။ အခုလျှောက်ထားတဲ့အထဲကနေ ခွင့်ပြုထားတဲ့ မဏ္ဍပ်တွေဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ထို့ပြင် မကြာမီကာလအတွင်း သင်္ကြန်ပွဲတော်ကြီးကို ဖြတ်သန်းရမည်ဖြစ်ကြောင်း၊ အားလုံးသည် နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကြ၊ နှစ်ဟောင်းအပေါ်တွင် ပြောစရာဆိုစရာ၊ ဝေဖန်စရာများရှိလိမ့်မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေများကို တစ်ဦးနှင့်တစ်ဦး နားခံသာအောင်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုမပြတ်ဘဲ ဝေဖန်မှုကောင်းလေးများနှင့် ပြုပြင်ပြောင်းလဲမှုကို သတင်းမီဒီယာများဘက်မှ အကောင်းဆုံးဖြစ်ရန်၊ နိုင်ငံတော်သစ်ကြီး ထူထောင်သည့်နေရာတွင် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍမှ တတ်နိုင်သမျှ ကူညီအားပေးဆောင်ရွက်ပေးရန် ၎င်းက တိုက်တွန်းပြောကြားသည်။

**ယုဇန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၁.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၁.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၄၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၆၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ကြေညာချက်အမှတ် ၂/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်)**

၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား၊ ကျောင်းသူများ လွတ်မြောက်ရေးအတွက် မည်သို့ကြိုးပမ်းဆောင်ရွက်သွားမည်ကို ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ချက်ချင်းအရေးယူဆောင်ရွက်ခဲ့ပါသည်။

၂။ အမှုရင်ဆိုင်လျက်ရှိသောသူများနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ နှင့်အညီ အမှုရုပ်သိမ်းရေးအတွက်ဆောင်ရွက်ရာတွင် ဥပဒေနှင့်နည်းဥပဒေများပါ အောက်ပါအချက်များကို ဆောင်ရွက်ရပါသည်-

(က) အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ဖြစ်ခြင်း၊
(ခ) တရားလိုအဖြစ်ဆောင်ရွက်သူက အမှုကိုရုပ်သိမ်းပေးရန် လျှောက်ထားခြင်း၊
(ဂ) သက်ဆိုင်ရာဥပဒေရုံးက အမှုရုပ်သိမ်းရန်ဆုံးဖြတ်၍ သက်ဆိုင်ရာတရားရုံးသို့ အမှုရုပ်သိမ်းပေးပါရန် လျှောက်ထားခြင်း၊
(ဃ) တရားရုံးက အမှုရုပ်သိမ်းရန်လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း။

၃။ အထက်ပါလုပ်ငန်းစဉ်များကို ၈-၄-၂၀၁၆ ရက်နေ့တွင် အမှုစစ်ဆေးရန် တရားရုံးက ချိန်းဆိုထားသူများအတွက် အပြီးဆောင်ရွက်နိုင်သော်လည်း ယင်းနေ့တွင် အမှုစစ်ဆေးရန် ချိန်းဆိုထားခြင်းမရှိသူများအတွက် အချိန်မီဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် ကုန်ဆုံးပြီးနောက် တရားရုံးများဖွင့်လှစ်သည့်အချိန်တွင် အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထို့အတူ သက်ဆိုင်ရာအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် လိုအပ်သည့် စိစစ်မှုများဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိ

**ရန်ကုန် ဧပြီ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားရာ**(ယာပုံ)**တွင် တာမွေမြို့နယ်မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများနှင့် လုပ်ငန်းကိစ္စများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး အတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်ရှိ ပြည်သူများကို တွေ့ဆုံလိုသဖြင့် လွှတ်တော်ရပ်နားချိန်ကာလအတွင်း ပထမဦးဆုံးလာရောက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပြည်သူ့အတွက်သာ ဦးတည်ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသည့်အလျောက် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်များလည်း ပေးထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးကို ဆောင်ရွက်ရန် တာဝန်အရပေးထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုကြရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ ပြည်သူကို လေးစားကြရန် လိုကြောင်း။

တာဝန်နှင့်လုပ်ပိုင်ခွင့် အခွင့်အရေးများကိုလည်း ပေးထားသည့်အလျောက် တာဝန်ယူ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ပြီး အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်ပြီးဖြစ်၍ လိုက်နာကြရန် လိုအပ်ကြောင်း။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိရအောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဘဏ္ဍာများသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည်မည်သည့်ပါတီ၊ အစိုးရဖြစ်ဖြစ် တရားမျှတမှုရှိရှိ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့်လည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တာမွေမဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် တာမွေမဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်တို့က လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိတ်ဆက်တင်ပြကြပြီး မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးရွှေက တာမွေမြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး ဌာနဆိုင်ရာဝန်ထမ်း အသီးသီးအနေဖြင့် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များအတိုင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး မဆုံးရှုံးရအောင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အတူ ရရှိခွင့်ပြုထားပြီးဖြစ်သည့် ဘတ်ဂျက်အသုံးစရိတ်များကိုလည်း စနစ်တကျမှန်မှန်ကန်ကန် သုံးစွဲနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာမွေမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် စံပြမြို့နယ်ဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# သတင်းစာဆရာကြီး ဦးဝင်းတင်ဂုဏ်ပြု စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၈**

သံမဏိဦးဝင်းတင်၊ သတင်းစာဆရာကြီး ဦးဝင်းတင်ဟု လူသိများသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း နှစ်နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြု စာပေဟောပြောပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စာပေဟောပြောပွဲဖြစ်မြောက်ရေးတာဝန်ခံ ဦးမျိုးခင်(မှန်းခက်)က ပြောသည်။

"ဘဘဦးဝင်းတင်ဟာ သံမဏိဦးဝင်းတင်လို့ အမည်ပေးရလောက်အောင် စိတ်ဓာတ်ခိုင်မာပြတ်သားသူဖြစ်ပါတယ်။ သူ့လိုမျိုး ခိုင်မာပြတ်သားပြီး ဖွဲ့ရှိတဲ့စိတ်ဓာတ်ကို ယနေ့လူငယ်လူရွယ်တွေ အားကျကြိုးစားအားထုတ်နိုင်ကြဖို့ ဒီဂုဏ်ပြုစာပေဟောပြောပွဲကို ခမ်းခမ်းနားနားကျင်းပသွားမှာ



ဖြစ်ပါတယ်။ ဒီစာပေဟောပြောပွဲက သာမန်စာပေဟောပြောပွဲနဲ့ မတူပါဘူး။ အရေးတော်ပုံတပ်သားကြီး ဟံသာဝတီ ဦးဝင်းတင်ကို ဂုဏ်ပြုတဲ့ပွဲဖြစ်ပါတယ်။ ဒီမိုကရေစီတိုက်ပွဲဝင် ဘဘဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရတာ သူကိုယ်တိုင်သိမသွားခဲ့ရပါဘူး။ ဒီ့အတွက်အတော်လေးစိတ်မကောင်းဖြစ်ရပါတယ်"ဟု နိုင်ငံရေး အကျဉ်းသားဟောင်း ဦးမျိုးခင်က ပြောသည်။

လာမည့်ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကင်း(၁၂)ရပ်ကွက် လူငယ်ဘောလုံးကွင်း၌ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာများဖြစ်ကြသည့် ဆရာချစ်ဦးညို၊ ဆရာမောင်သာချို၊ မင်းကိုနိုင်၊ သရုပ်ဆောင် ဗေလုဝ၊ စမ်းစမ်းနွဲ့(သာယာဝတီ)နှင့် မသီတာ(စမ်းချောင်း)တို့က ညနေ ၆ နာရီမှစတင်ပြီး စာပေဟောပြောပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက တော်ဝင် နှင်းဆီခန်းမ၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားမှ သိရသည်။

အဆိုပါ စာပေဟောပြောပွဲ အခမ်းအနားတွင် နိုင်ငံရေးလောကသားများ၊ စာပေ၊ ဂီတချစ်မြတ်နိုးသူများကလည်း ဆရာကြီးဦးဝင်းတင်နှင့် ပတ်သက်သော ကဗျာများရွတ်ဆို၍လည်းကောင်း၊ တေးသီချင်းနှင့် သရုပ်ဖော်တင်ဆက်မှုများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟံသာဝတီဦးဝင်းတင် (၁၉၃၀-၂၀၁၄)သည် သတင်းစာလောကတွင်လည်းကောင်း၊ နိုင်ငံရေးလောကတွင်လည်းကောင်း၊ စာရေးဆရာလောကတွင်လည်းကောင်း လူသိများထင်ရှားပြီး မှတ်ကျောက်တင်စံပြုထိုက်သော၊ လေးစားထိုက်သော၊ ဂုဏ်ပြုထိုက်သော မြန်မာ့ပုဂ္ဂိုလ်ကျော်ကြီးတစ်ဦးဖြစ်လေသည်။ ဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် သူ၏ဘဝတစ်သက်တာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံပေးဆပ်မှုများနှင့်အတူ မိမိ၏ယုံကြည်ချက်ကို မည်သည့်အခါမှစွန့်လွှတ်ခြင်းမရှိ နောက်ဆုံးထွက်သက်အထိ ပြည်သူ့ဘက်မှ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အိုက်စ်လန်ဝန်ကြီးချုပ် ပနားမားစာရွက်စာတမ်းကိစ္စဝေဖန်ခံနေရစဉ် ရာထူးမှနုတ်ထွက်

**ယေကျာဗစ် ဧပြီ ၈**

အိုက်စ်လန်ဝန်ကြီးချုပ် ဆက်ဂ်မွန် ဒါဒေးဗစ် ဂန်လက်ဖ်ဆန်သည် ပနားမား စာရွက်စာတမ်းဟု လူသိများသော ၎င်း၏လျှို့ဝှက်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအပေါ် ဝေဖန်ခံနေရစဉ် ရာထူးမှ တရားဝင်နုတ်ထွက်သွားပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(ယာပုံ)**




အပြည်ပြည်ဆိုင်ရာ စုံစမ်းထောက်လှမ်း သတင်းထောက်အဖွဲ့ကြီး၏ ကြိုးစားမှုဖြင့် စာရွက်စာတမ်းများ ပေါက်ကြားမှုဖြစ်ပွားခဲ့ ရာဂန်လက်ဖ်ဆန်အနေဖြင့် နုတ်ထွက်ရန် ပထမဆုံး နိုင်ငံခေါင်းဆောင် ဖြစ်လာကြောင်း သိရသည်။

ဂန်လက်ဖ်ဆန်နှင့် ၎င်း၏ ဇနီးတို့သည် ဗြိတိသျှဗားဂျင်းကျွန်းများ၌ ၂၀၀၇ခုနှစ်ကဝယ်ယူခဲ့သော ကမ်းလွန်ရေနံကုမ္ပဏီတွင် ဒေါ်လာ သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ခြင်းကို မဖော်ပြခဲ့ကြောင်း သတင်းထောက်အဖွဲ့ကြီးက ပြောခဲ့သည်။

အိုက်စ်လန်ဘဏ်သုံးခုက ထုတ်ပြန်ခဲ့သော သက်သေခံငွေချေးစာချုပ် စာတမ်းများကို ကုမ္ပဏီကပိုင်ဆိုင်ခဲ့ပြီးနောင်တွင် ပျက်ပြယ်ခဲ့ကြောင်း သိရသည်။

အစိုးရအနေဖြင့် ဘဏ်ငွေချေးစာချုပ်များနှင့် ပတ်သက်ပါဝင်ခဲ့သဖြင့် ၂၀၁၃ ခုနှစ်တွင် ဝန်ကြီးချုပ် ရာထူးရရှိခဲ့သော ဂန်လက်ဖ်ဆန်အနေဖြင့် ဝေဖန်မှုများကို ပြင်းပြင်းထန်ထန်ခံနေရသည်။

ထို့အတူ ပြည်သူလူထု၏ မကျေနပ်ချက်မှာလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အင်ဒိုနီးရှားနိုင်ငံတွင် ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံစီမံကိန်း ပိတ်သိမ်းရန် ဆန္ဒပြ

**ဂျကာတာ ဧပြီ ၈**

ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့များက အင်ဒိုနီးရှားနိုင်ငံတွင် ဂျပန်ထောက်ပံ့ငွေဖြင့် တည်ဆောက်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံစီမံကိန်းကို ပိတ်သိမ်းရန် ဆန္ဒပြမှုများပြုလုပ်ခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ ၂၃၀ အနေဖြင့် ယင်းစီမံကိန်းအပေါ် ကန့်ကွက်ဆန္ဒပြမှုက ကာဗွန်ထုတ်လွှတ်မှုအပြောက်အမြားအပေါ် စိုးရိမ်မှုရှိကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် ယင်းစက်ရုံစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာနိုင်သည်ဟု ဆိုသည်။

ဆန္ဒပြသူများသည် ဂျပန်နိုင်ငံရှိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဘဏ်ရှေ့တွင် စုရုံးဆန္ဒပြခဲ့ကြပြီး ၎င်းတို့၏ ကန့်ကွက်ဆန္ဒပြစာများကို ယင်းဘဏ်၏ ဥက္ကဋ္ဌထံသို့ လွှန်ခဲ့သောအပတ်က ပေးပို့ခဲ့ကြောင်း သိရသည်။ ထို့အတူ အလားတူဆန္ဒပြမှုများ ဝါရှင်တန်နှင့် ဂျကာတာရှိ ဂျပန်သံရုံးများရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျာဗားအလယ်ပိုင်း ဘာတန်ဒေသတွင် တည်ဆောက်မည့် ယင်းစက်ရုံစီမံကိန်းသည် တစ်နှစ်လျှင် ကာဗွန် ၁၀ ဒသမ ၈ သန်းထုတ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ထုတ်လွှတ်မှုကြောင့် ယင်းစက်ရုံတည်ဆောက်မည့်ဒေသအနီးသဘာဝပတ်ဝန်းကျင်များပျက်စီးပြီး ရာသီဥတုပြောင်းလဲမှုနှင့် ကြုံတွေ့နိုင်ကြောင်း သိရသည်။ ထို့အပြင် ပြည်သူများ၏ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# ဆိုင်းနိုင်းကျွန်းဆွယ်တွင် သံချပ်ကာယာဉ် ပေါက်ကွဲမှုဖြစ် အနည်းဆုံး ၇ ဦးသေဆုံး

**ဆိုင်းနိုင်း (အီဂျစ်) ဧပြီ ၈**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ကြာသပတေးနေ့က သံချပ်ကာကား ပေါက်ကွဲမှု ဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး အီဂျစ်စစ်သား ငါးဦး၊ စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးနှင့် အရပ်ဘက် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ကြပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုသည် အိုင်အက်စ်စစ်သွေးကြွများ၏လက်ချက်ဖြစ်ကြောင်း ဝက်ဆိုက်အများစုက ဖော်ပြထားသည်။

ရာဖာနှင့် တောင်ဘက် ရှိတ်ဇူဝေရှိ လမ်းပေါ်တွင်ပေါက်ကွဲရေးပစ္စည်းများထောင်ထားပြီး သံချပ်ကာယာဉ်များဖြတ်သန်းသွားချိန်တွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ အီဂျစ်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာ မှတ်ချက်ပြုပြောဆိုခြင်း မပြုလုပ်သေးကြောင်း သိရသည်။

**(ရိုက်တာ)**

# ဒုက္ခသည်များကို တူရကီပြန်လည်ခေါ်ဆောင်မည်

**အန်ကာရာ ဧပြီ ၈**


ဥရောပသမဂ္ဂ၏သဘောတူညီချက်အရ ရွှေ့ပြောင်းဒုက္ခသည် ၄၅ဦးတင်ဆောင်လာသော ကူးတို့ရေယာဉ်သည် ဂရိကျွန်းဖြစ်သော လက်စ်ဘို့စ်မှ တူရကီသို့ သောကြာနေ့က ထွက်ခွာလာကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ လူအများအပြားသယ်ဆောင်လာသော ဒုတိယကူးတို့ရေယာဉ်မှာ ယနေ့နံနက်ပိုင်းတွင် ယင်းကျွန်းမှ ထွက်ခွာရန် စီစဉ်ထားရှိကြောင်း အစိုးရရုပ်သံက ဖော်ပြခဲ့သည်။

သောကြာနေ့အစောပိုင်းကထွက်ခွာလာသူများမှာ ပါကစ္စတန်နိုင်ငံမှဖြစ်ကြောင်း ၎င်းရုပ်သံက ဆက်လက်ဖော်ပြခဲ့သည်။ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်မှ ဒုက္ခသည်အများစုပါဝင်သော ဒုက္ခသည် ၂၀၂ဦးပါ ပထမအုပ်စုကို တူရကီသို့ တနင်္လာနေ့ကပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)-တူရကီသဘောတူညီချက်အရ အန်ကာရာ (တူရကီ)အနေဖြင့် အခြေချရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအားလုံးကို ပြန်လည်ခေါ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



# တရုတ်နှင့် သီရိလင်္ကာတို့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော်



**ပေကျင်း ဧပြီ ၈**

တရုတ်နှင့် သီရိလင်္ကာတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးနှင့် ဆေးဝါးဆိုင်ရာစောင့်ရှောက်မှုပေးရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် သဘောတူလက်မှတ်ရေးထိုးမှုများ ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော သီရိ လင်္ကာဝန်ကြီးချုပ် ရာနီးလ်ဝစ်ခ်ရာမက်စ်ဆင်းဂ်နှင့် တရုတ် ဝန်ကြီးချုပ် လီခကျန်းတို့သည် နှစ်နိုင်ငံကြား ထူးခြား လေးနက်သောဆက်ဆံရေးကို ဖော်ဆောင်ခဲ့ကြသည်။ တရုတ်အနေဖြင့်လည်း သီရိလင်္ကာနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် ဆန္ဒရှိပြီး လက်တွေ့လုပ်ဆောင်မှုများကို တိုးချဲ့လုပ်ဆောင်နေကြောင်း လီက ပြောသည်။

တရုတ် -သီရိလင်္ကာဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။

**(ဆင်ဟွာ)**

# ဩစတြေးလျ ရေငုပ်သင်္ဘောများ ပြည်တွင်းဖြစ်သံမဏိများအသုံးပြုမည်

**ကန်ဘာရာ ဧပြီ ၈**

နိုင်ငံ၏ဖွံ့ဖြိုးလာသော စီးပွားရေးကို ထင်ဟပ်စေရန် ဩစတြေးလျ၏ ရေငုပ်သင်္ဘောမျိုးဆက်သစ်များတွင် ပြည်တွင်းဖြစ် သံမဏိများကိုအသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရက သောကြာနေ့တွင် ကြေညာခဲ့သည်။

အစိုးရသည် လက်ရှိတွင် ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်ကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

ယင်းကုမ္ပဏီများမှ အနိုင်ရရှိသော ကုမ္ပဏီအနေဖြင့် ပြည်တွင်းဖြစ် သင်္ဘောတည်ဆောက်သည့်ကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး လက်စွဲစာအုပ်ကို ဖြန့်ဝေရန် ဂျပန်ရဲများစီစဉ်

**ကျိုတို ဧပြီ ၈**

ဂျပန်နိုင်ငံကျိုတိုမြို့ရှိ ရဲများက လာမည့်လတွင်ကျင်းပမည်ဖြစ်သော ဂျီ-၇ အစည်းအဝေးမတိုင်မီ နိုင်ငံခြားသားများနှင့် ဂျပန်နိုင်ငံအနောက်ပိုင်း စီရင်စုရှိအခြားနေရာဒေသများအတွက် အကြမ်းဖက် တန်ပြန်တိုက်ခိုက်မှုလက်စွဲစာအုပ်ကို ထုတ်လုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ရဲများသည် ယင်းလက်စွဲစာအုပ်ကို နိုင်ငံခြားသား အယောက် ၂၀၀ နှင့် ကျိုတိုရှိ အခြားအရေးကြီးသောနေရာများကို ဖြန့်ဝေရန် စီစဉ်ထားကြောင်းသိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီထိရောက်လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ စည်းဝေး

**နေပြည်တော် ဧပြီ ၈**
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဦးစီးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီထိရောက်လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင်(I-11)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးကိုကိုနိုင်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိကာယ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၈**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၆ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၈ ရက်မှ နယုန်လဆန်း ၁၂ ရက်အထိ ဇွန် ၁၃ ရက်မှ ဇွန် ၁၇ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း ကျမ်းစာအလိုက် သတ်မှတ်ထားသော ပြဋ္ဌာန်းကျမ်းစဉ်အတိုင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။
**(သတင်းစဉ်)**

# ကနေဒါနှင့် အီတလီနိုင်ငံနိုင်ငံခြားရေးဝန်ကြီးများနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဧပြီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အလည်အပတ်ရောက်ရှိနေကြသည့် ကနေဒါနိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာစတီဗင်ဒီရွန်နှင့် အဖွဲ့သည် ယနေ့ နံနက် ၇ နာရီခွဲတွင်လည်းကောင်း၊ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီနှင့် အဖွဲ့သည် နံနက် ၉ နာရီတွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ကနေဒါနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာသံရုံးများမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**
**(သတင်းစဉ်)**



# ပြည်သူကိုဗဟိုပြု၊ ပြည်သူ့အတွက် ဆောင်ရွက်ပေးနိုင်သည့် အစိုးရမျိုးဖြစ်စေချင်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ပြောကြား



**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရသစ်အနေဖြင့် တိုင်းပြည်အတွက် ကြိုးပမ်း ဆောင်ရွက်မှုတိုင်းသည် ပြည်သူကို ဗဟိုပြုမည်ဖြစ်ကြောင်း၊ ပြည်သူ့အတွက် ဆောင်ရွက်ပေးမည့် အစိုးရမျိုး ဖြစ်စေချင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့လွှတ်တော်အပြီးတွင် မီဒီယာများအား ပြောကြားခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အပြီးတွင် လွှတ်တော်သတင်းမီဒီယာခန်း၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးသစ်များ တွေ့ဆုံမီဒီယာရှင်းလင်းပွဲပြုလုပ်စဉ် ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဦးဆောင်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သစ်သည် ဧပြီ ၁ ရက်မှစတင်ကာ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုလျှင် ၈ ရက်မြောက်နေ့သို့ ရောက်ရှိပြီဖြစ်သည်။ ထိုသို့ ထမ်းဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ပြည်သူ၏ သဘောဆန္ဒနှင့် ပြည်သူများ တစ်ရပ်လုံးပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မျိုးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ကြိုးပမ်းဆောင်ရွက်မှုတိုင်းကိုလည်း ပြည်သူဗဟိုပြု၊ ပြည်သူ့ အတွက်ဆောင်ရွက်ပေးနိုင်သည့် အစိုးရမျိုး ဖြစ်စေချင်ကြောင်းနှင့် အစိုးရ၏ ဆောင်ရွက်မှုတိုင်းသည် ပြည်သူအပေါ် လွှမ်းမိုးနေသည့်အဖြစ်မျိုး မဖြစ်စေချင်ကြောင်း၊ အစိုးရကို ကြောက်လို့လုပ်နေရသည့် အခြေအနေမျိုးမဖြစ်အောင်အစိုးရ၏ ပါဝင်ဆောင်ရွက်မှုတိုင်းကို မမြင်နိုင်သည့် ပုံသဏ္ဌာန်မျိုးဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်တိုင်းသည် မည်သူ့ကိုမျှ မထိခိုက်၊ မနစ်နာစေဘဲ နိုင်ငံတော်သစ်ကြီးကို ထူထောင်သည့်နေရာတွင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ၊ အားလုံးဝိုင်းဝန်း ကြိုးပမ်းမှုပုံသဏ္ဌာန်နှင့် ဆောင်ရွက်သည့်နည်းလမ်းများကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရ အဖွဲ့ရှေ့ဆက်လျှောက်လှမ်း မည့်မူဝါဒကို ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် တိုင်းဒေသကြီးအတွင်း ရေရှည်ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းကဏ္ဍများတွင် စိုက်ပျိုးရေးကိုအခြေခံသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးပိုင်းကဏ္ဍ၌ သင်ယူနိုင်သည့် အခွင့်အလမ်းများတွင် မူလတန်းကလေးငယ်များ ကျောင်းပြီးစီးရေး၊ ဘဏ္ဍာငွေများ အပြည့်အဝရရှိရေးနှင့် စနစ်တကျခွဲဝေသုံးစွဲနိုင်ရေး၊ တိုင်းဒေသကြီးအတွင်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်ရေး၊ အလုပ်သမားတိုင်း သင့်လျော်သည့်လုပ်ခငွေရရှိနိုင်ရေး၊ သောက်သုံးရေ၊ အမှိုက်၊ မိလ္လာစသည့် လိုအပ်ချက်များကို ပြည်သူများအကြား ပြုပြင်ဖြည့်ဆည်းပေးနိုင်ရေး၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု ပြဿနာများ ဆောင်ရွက်နိုင်ရေး၊ ပန်းခြံ၊ ကစားကွင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်များပြားစေရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဓိကထား လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကဏ္ဍအသီးသီးဖွံ့ဖြိုးမှုအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်အနေဖြင့် ခွင့်ပြုဘတ်ဂျက်ငွေ ၃၃၆ ဒသမ ၂၁၈ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်သည်။ ထိုသို့ သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲသွားမည်ဖြစ်ကြောင်း ထပ်မံရှင်းပြခဲ့သည်။ ယင်းဘတ်ဂျက်ငွေပမာဏထဲတွင် သာမန်အသုံးစရိတ်အပြင် ငွေလုံးငွေရင်းအသုံးစရိတ်ပါ ပါဝင်နေပြီး ခွင့်ပြုဘတ်ဂျက်ငွေထဲမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်၌ ၂၂၇ ဒသမ ၇၂၀ ဘီလီယံ သုံးစွဲခွင့်ရနေပြီး စည်ပင်နယ်နိမိတ်ပြင်ပ ၁၂ မြို့နယ်တွင် ၆ ဒသမ ၃၄ ဘီလီယံလောက်သာ သုံးစွဲခွင့်ရခဲ့ကြောင်း သိရသည်။ ယင်းကြောင့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ယခင်အစိုးရလက်ထက်က ခုံးကျော်တံတားနှစ်စင်း တည်ဆောက်ရန် လျာထားချက်ကို လွှတ်တော်က သဘောမတူ ဖျက်သိမ်းခဲ့၍ အဆိုပါ ငွေကြေး ၃၂ ဒသမ ၂ ဘီလီယံကို ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သော စည်ပင်နယ်နိမိတ်ပြင်ပ မြို့နယ် ၁၂ မြို့နယ်နှင့် ကျေးရွာများအတွက် ဖွံ့ဖြိုးတိုးတက်ရန် လွှတ်တော်၌အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း ဝန်ကြီးချုပ်က ယနေ့ မီဒီယာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ မီဒီယာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က မီဒီယာများသည် တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဖြစ်ခြင်းကြောင့် တိုင်းဒေသကြီးအစိုးရ၏ လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနိုင်ရန်နှင့် မှားယွင်းမှုများ မဖြစ်ပေါ်စေရန် ယခုမီဒီယာ ရှင်းလင်းပွဲအပြီးတွင် အချက်အလက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးထံမှ ရယူနိုင်သည်ဟုဆိုသော်လည်း ဆက်သွယ်၍ မရခဲ့ကြောင်း သိရသည်။

လွှတ်တော် သတင်းမီဒီယာခန်းတွင် ယခင်ကဲ့သို့ မဟုတ်တော့ဘဲ ရေသန့်ဘူးများထားရှိလာခြင်း၊ မီဒီယာများ သတင်းယူရာတွင်လည်း အရုပ်အသံ မကြည်လင်မှုမှာ တိုးတက်ကောင်းမွန်လာကြောင်း မီဒီယာများထံမှ သိရသည်။

**သတင်း - မောင်စိန်လွင်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**

## ထူးခြားသည့်နေ့အပူချိန်များ

၈-၄-၂၀၁၆

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ရေဦးမြို့၊ မန္တလေးမြို့၊ ရမည်းသင်းမြို့၊ ကျောက်ဆည်မြို့၊ မင်းဘူးမြို့၊ တောင်တွင်းကြီးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံး အညွှန်းကိန်းများမှာ နေပြည်တော် တွင် ၇ ဒသမ ၅၊ ရန်ကုန်မြို့တွင် ၈ ဒသမ ၄ နှင့်မန္တလေးမြို့တွင် ၈ ဒသမ ၉ တို့ဖြစ်ကြသည်။
(မိုး/ဇလ)

# အချက်အလက် ကိန်းဂဏန်း နှင့် မူဝါဒသုတေသန

**မောင်ရာဟု**

ကာလရှည်တဲ့ သကြ်န်ကာလရုံးပိတ်ရက်တွေမှာ ရန်ကုန်နဲ့ မန္တလေးလို မြို့ကြီးတွေမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေဟာ မိသားစုရှိရာ မြို့ရွာတွေကို ပြန်ကြပါတယ်။ ဒီကာလမှာ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေ ကားလက်မှတ်ဈေးကြီးတာ၊ ကားလက်မှတ်အဆင်မပြေတာတွေက ကြုံတွေ့နေကျပါ။ တစ်နှစ်တစ်ခါဆိုသလို မိသားစုဆီပြန်ရတဲ့ ဒီလိုအချိန်မျိုးမှာ အလုပ်သမားတွေနဲ့ ဝန်ထမ်းတွေ ခရီးသွားလာရေးအဆင်ပြေအောင် သက်ဆိုင်ရာအဖွဲ့အစည်းတွေ ညှိနှိုင်းပြီး အကူအညီပေးသင့်ပါတယ်။ လက်တွေ့ပြဿနာကတော့ မြန်မာနိုင်ငံမှာ စာရင်းဇယားအချက်အလက် ကောက်ယူပြုစုထားနိုင်မှုက အတော်ကြီးကို အားနည်းနေတာပါ။ ဒီလိုစာရင်းဇယားအချက်အလက် အဆင်သင့်မရှိတဲ့အတွက် လုပ်ငန်းအကောင်အထည်ဖော်မှုအပိုင်းမှာ ပီပြင်မှုမရှိတော့ပါဘူး။ ဥပမာ ရန်ကုန်မှာလာအလုပ်လုပ်နေကြတဲ့ အလုပ်သမားဝန်ထမ်းတွေထဲမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ဘယ်လောက်ပါတယ်၊ အထက်အညာက ဘယ်လောက်ပါတယ်၊ ပျမ်းမျှလုပ်ခလစာ ဘယ်လောက်ရတယ်၊ မိသားစုဆီ ဘယ်လောက်ပြန်ပို့နိုင်တယ်၊ နေထိုင်မကောင်းတဲ့အခါ ဆေးကုသဖို့ ဘယ်လိုဆောင်ရွက်တယ် စတဲ့ စတဲ့ အချက်အလက်တွေကိုသာ စနစ်တကျကောက်ယူပြုစုထားနိုင်ခဲ့ရင် ကားလက်မှတ်လို ပြဿနာမျိုးကို ဖြေရှင်းနိုင်မှာဖြစ်သလို တိုင်းပြည်အတွက် မူဝါဒတွေ ချမှတ်ရာမှာ အများကြီး အထောက်အပံ့ဖြစ်မှာပါ။

မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ လယ်ယာအလုပ်သမားတွေ ရှားပါးနေတယ်ဆိုတာက ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုနေတဲ့ကိစ္စပါ။ တိုင်းပြည်ရဲ့ အဓိက စီးပွားရေးကဏ္ဍမှာ ဖြစ်နေတဲ့ပြဿနာမို့လို့ ဒီကိစ္စကအရေးကြီးပါတယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းအချက်အလက် တိတိကျကျ မရှိပါဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လယ်ယာလုပ်သားရှားပါးမှုဟာ အမှန်တကယ်လိုအပ်ချက်ရဲ့ ဘယ်လောက်ရာခိုင်နှုန်းလောက်အထိ ရှိတယ်ဆိုတာ သိဖို့လိုအပ်သလို ဒေသအလိုက် အနိမ့်အမြင့် ဘယ်လိုကွာဟနေသလဲဆိုတာလည်း သိဖို့လိုအပ်ပါတယ်။

> **အချက်အလက်ကိန်းဂဏန်းတွေ ကောက်ယူပြီး သုတေသန ဆောင်ရွက်မယ့်အဖွဲ့အစည်းဟာ အမှန်တကယ် လွတ်လွတ် လပ်လပ် ဆောင်ရွက်ပိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဘယ်သူ့ကိုမှ မထောက်ညာဘဲ တိုင်းပြည်အတွက် ဖြစ်သင့် ဖြစ်ထိုက်တာတွေကို အကြံပြုနိုင်မှာပါ။ ပြောရရင် တိုင်းပြည်ရဲ့ ပကတိအခြေအနေကို ထင်ဟပ်တဲ့ အချက်အလက်ကိန်းဂဏန်းတွေ ကောက်ယူနိုင်တာဟာ တိုင်းပြည်အနာဂတ်အတွက် အုတ်မြစ်ချလိုက်တာပါပဲ**

မြန်မာ့လယ်ယာကဏ္ဍရဲ့ ထုတ်လုပ်မှုစွမ်းပကား မြှင့်တင်နိုင်ဖို့ မူဝါဒချမှတ်ရာမှာ ဒီလိုကိန်းဂဏန်းအချက်အလက်တွေက အရေးကြီးပါတယ်။ မြို့ကြီးတွေနဲ့ ပြည်ပနိုင်ငံတွေမှာ သွားအလုပ်လုပ်နေကြရတဲ့ ကျေးလက်ဒေသက လူငယ်တွေကိုအကြောင်းပြုပြီး ကျေးလက်ဒေသရဲ့ လူမှုရေးသဟဇာတဖြစ်မှုအပေါ် ဘယ်လိုအကျိုးသက်ရောက်တယ်။ သူတို့ပြန်ပို့လိုက်တဲ့ ငွေကြေးတွေဟာ ကျေးလက်ဒေသရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတွေကို မြှင့်တင်ပေးနိုင်ရဲ့လား စတဲ့ စတဲ့ အချက်အလက်တွေကိုလည်း ပီပီပြင်ပြင်သိဖို့ လိုအပ်ပါတယ်။

အာဆီယံစီးပွားရေးရိပ်မြုံ (ASEAN Economic Community-AEC) ကျင့်သုံးတဲ့အခါ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုစက်မှုထုတ်ကုန်တွေကို အားပြုပြီး ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်မှာလဲ။ ယေဘုယျသဘောပြောရရင်တော့ မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုထုတ်ကုန်တွေကိုပဲ အားပြုပြီး ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်ရမှာပါ။ စိုက်ပျိုးရေးအခြေခံ ဘယ်လိုစက်မှုထုတ်ကုန်မျိုးက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီသလဲ၊ ဒီထုတ်ကုန်တွေကို ဘယ်နိုင်ငံတွေဆီ ဦးတည်ရောင်းချမလဲ၊ အာဆီယံနိုင်ငံတွေလား၊ ဥရောပနိုင်ငံတွေလား၊ အမေရိကန်နိုင်ငံလား စတဲ့စတဲ့ အချက်အလက်တွေဟာ ပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာချမှတ်ရာမှာ အရေးကြီးပါတယ်။ ဒီလို အချက်အလက်တွေကို စနစ်တကျသုတေသနပြုလုပ်ပြုစုဖို့ လိုအပ်ပါတယ်။ ပကတိအခြေအနေကိုပြောရရင် မြန်မာနိုင်ငံမှာ အချက်အလက်တွေကောက်ယူပြီး စနစ်တကျသုတေသနလုပ်တာမျိုးက အတော်ကြီးကို အားနည်းနေပါသေးတယ်။ ပြောလိုတာကတော့ မြန်မာနိုင်ငံမှာ ကဏ္ဍတိုင်း ကဏ္ဍတိုင်းအတွက် အချက်အလက်ကိန်းဂဏန်းတွေကို စနစ်တကျကောက်ယူပြီး သုတေသနပြုလုပ်နိုင်ဖို့ လိုအပ်နေပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီလုပ်ငန်းကို လူထုအစိုးရက ဦးဆောင်ပြီး ဆောင်ရွက်မှပဲ ဖြစ်နိုင်မယ့်အခြေအနေမျိုးရှိပါတယ်။ အတိတ်ကာလ အတွေ့အကြုံအရ ဝန်ကြီးဌာနတစ်ခုကနေ နောက်ဝန်ကြီးဌာနတစ်ခုဆီက အချက်အလက်တောင်းရတာတောင် မလွယ်ကူတာမျိုးတွေရှိခဲ့ပါတယ်။ ဒါကြောင့် အချက်အလက်ကိန်းဂဏန်းတွေကောက်ယူပြီး သုတေသနဆောင်ရွက်မယ့် အဖွဲ့အစည်းဟာ အမှန်တကယ် လွတ်လွတ်လပ်လပ် ဆောင်ရွက်ပိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဘယ်သူ့ကိုမှ မထောက်ညာဘဲ တိုင်းပြည်အတွက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို အကြံပြုနိုင်မှာပါ။ ပြောရရင် တိုင်းပြည်ရဲ့ ပကတိအခြေအနေကိုထင်ဟပ်တဲ့ အချက်အလက်ကိန်းဂဏန်းတွေ ကောက်ယူနိုင်တာဟာ တိုင်းပြည်အနာဂတ်အတွက် အုတ်မြစ်ချလိုက် တာပါပဲ။ ဒီတာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အကောင်အထည်ဖော်ဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။



## (၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဧပြီ ၈**

(၆၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၇ ရက်က ချမ်းအေးသာစံမြို့နယ် ၇၀/၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ “ကျန်းမာစေသည့် လူမှုဘဝနေ့စဉ် ရွေးချယ်နေထိုင်မှု ဆီးချို၊ သွေးချို ကင်းဝေးရ” ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သုတေသနပြုလုပ်ချက်များအရ မြန်မာနိုင်ငံတွင် ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားနှုန်းအနေဖြင့် လူဦးရေ ၁၀၀ တွင် ၁၁ ဦးခန့် ဖြစ်ပွားနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်သူလူထုအခြေပြုဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း သက်ကြီးရွယ်အို ၈၂၀၀၀ ကျော်ခန့် လာရောက်ပြသခဲ့ရာ ကျေးရွာများ၌ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှု ၁၅၀၀ ခန့်နှင့် သွေးတိုးရောဂါဖြစ်ပွားသူ ၃၀၀၀၀ ခန့် ကုသပေးခဲ့ရကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ စာပေဟောပြောပွဲကျင်းပ

**ရေး ဧပြီ ၈**

ရေးမြို့နယ်ဗဟိုကျင်းပရေးကော်မတီ ဦးဆောင်မှုဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ပေါင်းစည်းညီညွတ်ရေး အမြင်ပွင့်လင်းလာစေရန်ဖြင့် (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ စာပေဟောပြောပွဲကို မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ရင်ပြင်ကွင်း၌ ဧပြီ ၇ ရက် ည ၇ နာရီခွဲက ကျင်းပသည်။

အဆိုပါ စာပေဟောပြောပွဲကို ၈၈ မျိုးဆက် (ငြိမ်း/ပွင့်)မှ ကိုမင်းကိုနိုင်နှင့် စာပေဟောပြောပွဲကျင်းပရေးကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မွန်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ပြီးနောက် စာပေဟောပြောကြသူများ၏ ကိုယ်ရေးအကျဉ်းများကို မွန်-မြန်မာ နှစ်ဘာသာဖြင့် ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် နိုင်ဟံသာကိုယ်စားတစ်ဦးက ဟောပြောပေးသည်။ ထို့နောက် ၈၈ မျိုးဆက်(ငြိမ်း/ပွင့်) အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်က မွန်တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို အခြေခံ၍ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး အတွက် ညီညွတ်စွာ ပူးပေါင်း နေထိုင်ကြရန် ဦးစားပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများက သိလိုသည်များ မေးမြန်းပြီး ကိုမင်းကိုနိုင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

❒ *ရှေ့ဖုံးမှ*

ထို့အတူ အမှုရင်ဆိုင်လျက်ရှိသောသူများနှင့် သက်ဆိုင်သည့် ပြစ်မှုများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ(၄၉၄)နှင့်အညီ အမှုရုပ်သိမ်းရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယနေ့ ဧပြီ ၈ ရက်အထိ အမှုစစ်ဆေးရန် တရားရုံးက ချိန်းဆိုထားသူများအတွက် အပြီးဆောင်ရွက်နိုင်သော်လည်း ယင်းနေ့တွင် အမှုစစ်ဆေးရန် ချိန်းဆိုထားခြင်း မရှိသူများအတွက် အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် ကုန်ဆုံးပြီးနောက် တရားရုံးများဖွင့်လှစ်သည့်အချိန်တွင် အမြန်ဆုံး ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ကြေညာချက်အမှတ် (၂/၂၀၁၆) ဖြင့် ယနေ့ ထုတ်ပြန်ထားရှိသည်။

ထို့အပြင် သင်္ကြန်နှစ်သစ်ကူးချိန်ရောက်ရှိတိုင်း ခံစားခွင့်ပြုနေကျဖြစ်သည့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ နှစ်သစ်ကူးအထူးဆုမှတ်ရက် (ကြိုတင်လျှော့ရက်) များကို ခံစားရရှိကြသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၁၇၈ ဦးကိုလည်း ယနေ့တွင် အကျဉ်းထောင်အသီးသီးမှ လွှတ်ပေးခဲ့ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

## နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၏ သဝဏ်လွှာ

**နေ့စွဲ။ ။၂၀၁၆ ၊ ဧပြီ ၈**

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား၊ ကျောင်းသူများ လွတ်မြောက်ရေးသည် ပြည်သူ့အစိုးရ၏ ဦးစားပေးလုပ်ငန်းဖြစ်သည်နှင့်အညီ ယနေ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်တွင် နိုင်ငံရေးအကျဉ်းသားများ၊ အမှုရင်ဆိုင်ဆဲ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ ပြန်လည်လွတ်မြောက်လာကြောင်း ကြားသိရသည့်အတွက် ကျွန်ုပ်တို့မှ ဝမ်းမြောက်ကြရပါသည်။

နောက်နေ့ရက်များတွင်လည်း ကျန်ရှိနိုင်ငံရေးအကျဉ်းသားများ ဆက်လက်လွတ်မြောက်လာမည်ဟု ကျွန်ုပ်တို့က ယုံကြည်မျှော်လင့်ပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ဆက်လက်မျှော်လင့်လျက်ရှိပါသည်။

ယနေ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာခြင်းအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးထင်ကျော် ဦးဆောင်သော အရပ်သားအစိုးရအား အထူးကျေးဇူးတင်စွာဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ကျွန်ုပ်တို့မှ သဝဏ်လွှာပေးပို့အပ်ပါသည်။

**၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

## ကွာတယ်

**အဖမ်းမခံဖူးသူတွေက**
**ဖမ်းတာတတ်တယ်...**

**အဖမ်းခံဖူးသူတွေက**
**လွှတ်တာတတ်တယ်**

**ဒီလို**
**ဒီလို**
**ကွာတယ်...**

**ကိုလေး(အင်းဝဂုဏ်ရည်)**

# ပြည်သူတွေနဲ့အတူ ကျွန်မတို့ အသင့်ရှိနေပါတယ်

**မင်းမင်း**

၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းက မမီးမီးကို ၂၀၁၆ ခုနှစ် မတ် ၉ ရက်က ပုဒ်မ ၁၈ နှစ်မှုဖြင့် အရေးယူခဲ့ပြီး ယနေ့တွင် ပြန်လည်လွတ်မြောက်လာပြီဖြစ်သည်။ မမီးမီးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

"ဒီနေ့မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီး စာရေးပြီး မနေ့က တင်လိုက်တယ်ဆိုတာကို ဒီနေ့ရုံးထွက်တော့ တွေ့ရတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ကို ဒီနေ့ တရားဥပဒေအရ ကျင့်ဝတ်အရရယ်၊ လွတ်ငြိမ်းခွင့်ပေးတယ်ဆိုတာကို တရားသူကြီးကပြောတယ်။ အခု ကျွန်မတို့ အင်းစိန်ကို သွားနေကြတယ်။ မနီလာသိန်းရဲ့ အခြေအနေကိုမသိသေးဘူး။ မနီလာသိန်းရဲ့ ရုံးချိန်းက ဧပြီ ၂၅ ရက်ဆိုတော့ အခု လတ်တလောပဲ မနီလာသိန်းကို လွှတ်မလားပေါ့နော်။ ကိုဇေယျာလွင်နဲ့ ကိုနန်းလင်းကိုလည်း ၂၀ ရက်နေ့ ရုံးချိန်းပေးပြီးတော့ ထောင်ကိုပြန်ခေါ်သွားတယ်။ ကိုဇေယျာလွင် ကတော့ လောလောဆယ် ကမာရွတ်မှာရှိတယ်။ နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူတွေကို အခုလိုမျိုး အမှုတွေ ရုပ်သိမ်းပေးတာနဲ့ပတ်သက်ပြီး ကျွန်မ တော်တော်ကို ရင်ပေါ့သွားပါတယ်။ ကျွန်မ တစ်မနက်လုံး မီဒီယာတွေမှာ ဖြေထားပါတယ်။ အစိုးရသစ်အပေါ်မှာ ပြည်သူတွေ အထင်မလွဲဖို့၊ အစိုးရသစ်နဲ့ ပြည်သူကြားမှာ ပဋိပက္ခတွေ မဖြစ်စေဖို့အတွက် ကျွန်မ တောက်လျှောက်ပဲ မီဒီယာတွေကနေ ဖြေပေးပါတယ်။ ပြည်သူကနေ ယုံကြည်စွာအပ်နှင်းထားတဲ့ အစိုးရသစ်အတွက် အခက်အခဲဖြစ်သွားမှာလည်း စိုးရိမ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု အစိုးရသစ်ဟာ ရှုပ်ထွေးပွေလီနေတဲ့ ချည်မျှင်တွေကို အစကို မနည်းယူပြီးတော့ ဖြည်းဖြည်းရှင်းနေရတဲ့ အချိန်ကာလမှာ ပြည်သူတွေအနေနဲ့ စိတ်ရှည်ဖို့လိုပါတယ်။ သည်းခံဖို့လိုပါတယ်။ အဲဒါ ကျွန်မ မလွတ်ခင်က ပြောခဲ့တဲ့စကားပါ။ အခု ဒီစကားကိုပဲ ကျွန်မထပ်ပြောပါမယ်။ ကျွန်မတို့နိုင်ငံက အခြေအနေတွေ အလွန်ရှုပ်ထွေးနေတယ်။ တဖြည်းဖြည်းချင်း လုပ်ယူမယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကျွန်မတို့ တရားဥပဒေအတိုင်းသွားဖို့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့လုပ်မယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်မတို့နဲ့အတူ ပူးပေါင်းပြီးတော့ အရင်တုန်းကလိုမျိုး စုစုစည်းစည်း နဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို ငြိမ်းချမ်းစွာနဲ့ပဲ တည်ဆောက်ချင်ပါတယ်။ ပြည်သူတွေနဲ့အတူ ကျွန်မတို့လည်း အသင့်ရှိနေပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း ရှိပါတယ်။ လက်ရှိအစိုးရအပေါ်မှာလည်း အမြင်ကြည်လင်စေချင်ပါတယ်။ မလွတ်သေးတဲ့ သူတွေလည်း ဆက်ပြီးတော့ တဖြည်းဖြည်းနဲ့ လွှတ်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။

"အခု ကျွန်မတို့ မဟာသင်္ကြန်ပွဲကို ဆင်နွှဲတဲ့အခါမှာ လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာအစဉ်အလာလည်း မပျက်အောင်၊ ခေတ်နဲ့အညီလည်း ဖြစ်အောင် ကိုယ့်ယဉ်ကျေးမှုကိုထိန်းသိမ်းပြီး ငြိမ်းချမ်းစွာနဲ့ ရေကစားပြီးတော့ နှစ်သစ်မှာ ခေတ်သစ်၊ စနစ်သစ်ကို စည်းကမ်းရှိစွာနဲ့ ကြိုဆိုကြဖို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။



**နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသူများ၊ အမှုရင်ဆိုင်နေရဆဲ ကျောင်းသား ကျောင်းသူများ ပြန်လည်လွတ်မြောက်လာသည်ကို တွေ့ရစဉ်** (ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)

❖ *ကျောဖုံးမှ*

**ကိုမြအေး**

နိုင်ငံရေးအကျဉ်းသားတွေ အခု အားလုံးလိုလို လွှတ်မြောက်လာပြီ။ ထပ်လည်း လွှတ်မယ်လို့ ကျွန်တော်ကြားပါတယ်။ ကျွန်တော် အလွန်ဝမ်းသာတယ်။ ကျွန်တော်တို့ မျှော်လင့်တာလည်း အဲဒါပဲ။ ဒါက ဒီအစိုးရလက်ထက်မှာ အင်မတန်မှ သိသာထင်ရှားတဲ့ အလုပ်တစ်ခုကို လုပ်ပြလိုက်တယ်လို့ မြင်ပါတယ်။ ပြည်သူလူထု လိုလားတောင့်တချက် တစ်ခုကို ဖြည့်စွမ်းပေးလိုက်တယ်လို့ မြင်ပါတယ်။ အဲဒီအတွက်ကြောင့်မို့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တကွ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရကို ကျွန်တော်တို့ လေးလေးနက်နက် ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုက အခုသွားမယ့်ကာလဟာ တကယ်အသွင်ကူးပြောင်းမယ့်ကာလတစ်ရပ်ထဲကို ရောက်ပြီဖြစ်တဲ့အတွက်ကြောင့် လွတ်မြောက်လာတဲ့ တက်ကြွလှုပ်ရှားသူ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်တဲ့သူအားလုံးကလည်း အရပ်သားအစိုးရကို ဝန်းရံရင်းနဲ့ အသွင်ကူးပြောင်းရေးကာလကြီး တဖြည်းဖြည်းရွေ့လျားပြီး ကျွန်တော်တို့ လိုချင်တဲ့ပန်းတိုင်ကို ရောက်သွားအောင် ဝိုင်းဝန်းကြိုးစားပေးဖို့ တစ်ဆက်တည်းမှာ လွတ်မြောက်လာတဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို ကျွန်တော်တိုက်တွန်းချင်ပါတယ်။

**ဒေါ်စန္ဒာမင်း**

ကျွန်မတို့က ကြိုဆိုပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ ကျန်သေးတယ် ဆိုတာကိုလည်း ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က အကျဉ်းသား ၄၀၀၀ ကို လွှတ်ဖို့ဆိုတာဖြစ်တဲ့အတွက် ဒီယုံကြည်ချက်ကြောင့် ကျတဲ့အကျဉ်းသားတွေ အားလုံးလွှတ်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက ယုံကြည်ချက်ကြောင့် ကျတဲ့အကျဉ်းသားတွေ လွတ်သလိုပဲ လွှတ်သင့်လွှတ်ထိုက်တဲ့ တခြားနိုင်ငံရေးမှု မဟုတ်ဘဲနဲ့ လွှတ်သင့်လွှတ်ထိုက်တဲ့သူတွေလည်း ပါဝင်လိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ တကယ်လို့များ လွှတ်သင့်လွှတ်ထိုက်သူတွေ မဟုတ်ဘဲ ပါလာတယ်ဆိုရင် ကျွန်မတို့က Rehabilitation ကိုလည်း လုပ်စေချင်ပါတယ်။ အနောက်ကနေပြီး Monitor လုပ်တဲ့ကိစ္စကိုလည်း လုပ်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။ တချို့ကတော့ ဝေဖန်ထားတာရှိပါတယ်။ အုပ်ချုပ်ရေးအာဏာကနေပြီး တရားစီရင်ရေးအာဏာကို လွှမ်းမိုးတယ်လို့ ဝေဖန်တာရှိပါတယ်။ ကျွန်မကတော့ အဲဒီလိုမထင်ပါဘူး။ အစိုးရသစ် တက်လာတဲ့အခါကျရင် အစိုးရဟောင်းရဲ့ လက်ထက်မှာ တချို့အမှုတွေက ပြစ်ဒဏ်ကျထိုက်တဲ့ အမှုတွေရှိပါတယ်။ ပြစ်ဒဏ်ကျခံဖို့ မသင့်တဲ့အမှုတွေမျိုးလည်း ရှိပါတယ်။ ပြီးခဲ့တဲ့ အစိုးရရဲ့ပေါ်လစီနဲ့ မတိုက်ဆိုင်မှုကြောင့် ကျခံရတဲ့ဟာမျိုးတွေ ဆိုရင်လည်း အခု အစိုးရအနေနဲ့ ပေါ်လစီအသစ်နဲ့ သွားမယ်ဆိုရင် ဒါတွေအားလုံးကို ပြန်ပြီးတော့ လွတ်ငြိမ်းခွင့်ပေးဖို့ လိုအပ်ပါတယ်။ အထွေထွေ လွတ်ငြိမ်းသက်သာခွင့်ဆိုတဲ့ဟာကို လိုချင်ပါတယ်။ အခုလို လွတ်လာတာကိုလည်း အုပ်ချုပ်ရေးပိုင်းကနေ တရားစီရင်ရေးပိုင်းကို လွှမ်းမိုးတယ်လို့ မယူဆစေချင်ပါဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို လွတ်လာတာ အားလုံးကို ကျွန်မအနေနဲ့ ကြိုဆိုပါတယ်။

**ဒေါ်သန္တာ**

ကျောင်းသားတွေ လွတ်လာတာနဲ့ ပတ်သက်ပြီး ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုမျိုး အကျဉ်းအကျပ်ကာလထဲမှာ အကျဉ်းထောင်ထဲမှာနေခဲ့ရတဲ့ဘဝ ကျွန်မတို့လည်း ခံစားခဲ့ဖူးတယ်။ လူငယ်တွေလည်းဖြစ်တယ်။ သူတို့ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အပြင်မှာ ကိုယ်ဝါသနာပါရာနေရာမှာ အသုံးချလို့ရမယ်ဆိုရင် ကြိုဆိုပါတယ်၊ ဝမ်းလည်းသာပါတယ်။

**မနီလာသိန်း**

အခု ကျွန်မတို့ လွတ်မြောက်လာတဲ့အခါမှာ အထဲမှာ ကျွန်မတို့ တိုက်မှာဆိုရင် အမျိုးသမီး ရှစ်ယောက်ရှိပါတယ်။ အခု လေးယောက်ပဲ လွတ်သေးတယ်ပေါ့နော်။ နောက်ထပ် ဒေါ်နော်အုန်းလှ အပါအဝင် လေးဦးကျန်ပါသေးတယ်။ အထဲမှာလည်း ကိုထင်ကျော်အပါအဝင် အခြားနိုင်ငံရေး အကျဉ်းသားတွေ အများကြီးကျန်ပါသေးတယ်။ အကုန်လုံး ပြန်လွတ်လာလိမ့်မယ်လို့လည်း ကျွန်မ ယုံကြည်မျှော်လင့်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွမ်းဆောင်မှုကြောင့် ကျွန်မတို့ လွတ်မြောက်လာတဲ့အတွက် အခြားသူတွေလည်း ကျွန်မတို့လိုပဲ လွတ်မြောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခုပြောချင်တာက ပြစ်မှုနဲ့ ပြစ်ဒဏ်မမျှအောင် ကျခံနေရတဲ့ အခြားအကျဉ်းသား အကျဉ်းသူ အားလုံးကိုလည်း လွတ်မြောက်စေချင်ပါတယ်။ ဒီအစိုးရ တက်လာတဲ့အခါမှာ အထဲမှာရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူအားလုံးက မျှော်လင့်တောင့်တနေကြတဲ့ အရာဖြစ်တယ်။ အချိန်တစ်ခုမှာ အားလုံး လွတ်မြောက်ဖို့ကို ကျွန်မဆန္ဒပြုချင်ပါတယ်။

# ပြည်သူများ ပိုမိုစိတ်ဝင်စားသည့် ရုပ်သံမီဒီယာဖြစ်လာစေရန် ရည်မှန်းချက်ထားရှိရမည်

**နေပြည်တော် ဧပြီ ၈**

တိုင်းပြည်တွင် ဒီမိုကရေစီစနစ် ထွန်းကားအောင်ဆိုလျှင် မတူညီသည့် အယူအဆများနှင့် ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်လိုကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရန်လည်း လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသည် အများပြည်သူ၏ သဘောထားဆန္ဒကို ထင်ဟပ်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးကို ဦးတည်ချက်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်သည့်နေရာတွင် **မိမိတို့၏ မီဒီယာများသည် အများပြည်သူက တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့အနေဖြင့် အများပြည်သူအတွက် ဘာတွေဆောင်ရွက်နေပါသည်ဆိုသည့် အကြောင်းအရာများကို အသိပေးရန်ဖြစ်ကြောင်း။**

## ပြည်သူများအနေဖြင့် အစိုးရဘက်မှ ပုဂ္ဂိုလ်များ လုပ်ကိုင်ဆောင်ရွက်နေမှုမှ ချို့ယွင်းမှု၊ လွဲမှားမှု များအား ဝေဖန်ထောက်ပြနိုင်ပြီး ထိုဝေဖန်ထောက်ပြမှုများကို နိုင်ငံပိုင်မီဒီယာများတွင်လည်း ဖော်ပြပေးသွားမည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများတွေ့ဆုံပွဲ၌ အမှာစကားပြောကြားစဉ်

တစ်ချိန်တည်းတွင် အစိုးရဘက်မှ ပြောရုံသာမကဘဲ အများပြည်သူဘက်မှလည်း အစိုးရပိုင်းအဆင့်ဆင့်ရှိပုဂ္ဂိုလ်များ လုပ်ကိုင်ဆောင်ရွက်နေသည်များထဲမှ ချို့ယွင်းမှု၊ တိမ်းစောင်းမှု၊ ချွတ်ချော်မှု၊ လွဲမှားမှုများရှိလျှင် ဝေဖန်ထောက်ပြရန်ဖြစ်ကြောင်း။

ထို့ပြင် လိုအပ်နေသေးသည့်အချက်များကို ညွှန်ပြ၊ အကြံပေးရန်နှင့် ထိုသို့ ညွှန်ပြ၊ အကြံပေးသည့်၊ လိုလားချက်များတောင်းဆိုသည့်နေရာတွင် အနယ်နယ်အရပ်ရပ်၊ တိုင်းပြည်အနှံ့အပြားရှိ အများပြည်သူတို့က မိမိတို့ဒေသဆိုင်ရာ သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ချို့ယွင်းချက်၊ အားနည်းချက်များကို ဝေဖန်ထောက်ပြခြင်းသာမကဘဲ၊ အစိုးရအဖွဲ့အစည်းများနှင့် မတူညီသောအမြင်ရှိသည့် အခြားပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များထံက ထွက်ပေါ်လာသည့် အထင်အမြင်၊ အယူအဆ၊ အသံဗလံများကိုလည်း မီဒီယာများမှ ဖော်ပြရန် မိမိတို့၏ မူဝါဒ၊ လုပ်ကိုင်မည့် လမ်းကြောင်းအနေဖြင့် ချမှတ်ထားကြောင်း။

ထိုသို့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအဆင့်ဆင့်၏ ထင်မြင်ယူဆချက်များကိုလည်း ပြောဆိုဆွေးနွေးနိုင်ကြောင်း၊ ထိုသို့ပြောဆိုဆွေးနွေးခြင်းအားဖြင့် မိမိတို့၏ ဦးတည်ချက်တစ်ခုလုံးအောင်မြင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုပ်သံမီဒီယာပိုင်းတွင် ပြည်သူများ ပိုမိုစိတ်ဝင်စားသည့် မီဒီယာဖြစ်လာစေဖို့ ရည်မှန်းချက်ရှိရန်လိုကြောင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများရှိလျှင်၊ လုပ်ငန်းဆောင်ရွက်နေသူများတွင် ခံစားခွင့်များ လိုအပ်နေလျှင် အပြန်အလှန်ညှိနှိုင်းတိုင်ပင်သွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်စေရေး အတူတကွဆောင်ရွက်ကြပါရန် ဆွေးနွေးမှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ADB ချေးငွေဖြင့် အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ရေးအတွက် ချေးငွေသဘောတူညီမှု လက်မှတ်ရေးထိုး

**နေပြည်တော် ဧပြီ ၈**

ကရင်ပြည်နယ် အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ADB ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ချေးငွေသဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာရှဖွံ့ဖြိုးရေးဘဏ် Country Director Mr. Winefried Wicklein ဦးဆောင်သောအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ် Country Director က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် Country Director Mr.Winefried Wicklein တို့က ချေးငွေသဘောတူညီမှုစာချုပ်များတွင် လက်မှတ်ရေးထိုးပေးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ADB ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အိန္ဒိယ-ကော့ကရိတ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ ပြည်သူများအနေဖြင့် သွားလာရေးလွယ်ကူ အဆင်ပြေမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးကဏ္ဍနှင့်ပတ်သက်၍ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ် သံချပ်ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းမှ မည်သည့်အဖွဲ့မဆို ယှဉ်ပြိုင်နိုင်

မန္တလေး ဧပြီ ၈

**၂၀၁၆ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ကျင်းပမည့် သံချပ်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သံချပ်ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် ကော်မတီဝင်များ၊ ဒိုင်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။**

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် ကျင်းပမည့် သံချပ်ပြိုင်ပွဲကို ယခင်နှစ်များထက် သံချပ်အဖွဲ့များ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် မန္တလေးမြို့ခံ သံချပ်အဖွဲ့များ အပြင် နိုင်ငံတစ်ဝန်းမှ စိတ်ပါဝင်စားသည့် မည်သည့်သံချပ်အဖွဲ့ကိုမဆို ပါဝင်ယှဉ်ပြိုင်မှုကို လက်ခံသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂ နာရီ နောက်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် သံချပ်အဖွဲ့များအနေဖြင့် မိမိတို့၏ ယာဉ်ပေါ်မှပင် တူညီဝတ်စုံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ချိန် အဖွဲ့တစ်ဖွဲ့လျှင် မိနစ် ၃၀ ကြာ သတ်မှတ်ထားပြီး ယာဉ်အလှပြသရုပ်ဖော်မှုတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတကာချစ်ကြည်ရေး၊ ဘာသာရေးကို ထိခိုက်ပျက်ပြားစေမည့် အပြုအမူ အပြောအဆို၊ အသုံးအနှုန်း၊ တေးသီချင်း၊ သရုပ်ဖော်အမူအရာများကို ခွင့်ပြုမည်မဟုတ်ဘဲ ပါတီနိုင်ငံရေးနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှုများ မပါဝင်စေဘဲ ပြည်သူ့အကျိုးပြု သံချပ်စစ်စစ်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည် ထို့အပြင် ပုဂ္ဂိုလ်ရေးအရ ထိခိုက်စေနိုင်သော အသုံးပြုမည့် စကားလုံးများ၊ တေးသီချင်းများ၊ သရုပ်ဖော်မှုများ၊ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေမည့် သရုပ်ပျက်ဝတ်စား ဆင်ယင်မှုများကိုလည်း ရှောင်ရှားရန် ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

သံချပ်ပြိုင်ပွဲတွင် ဆုရရှိသည့် အဖွဲ့များအား ပထမဆုအဖြစ် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ် ၁၂ သိန်းနှင့် တတိယဆုအဖြစ် ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည့်အပြင် နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်အဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရေရှားပါးမှုကြုံတွေ့နေရသော ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ထားဝယ် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း ယခုနှစ်နွေရာသီတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော ကျေးရွာများသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေရှားပါးမှုကြုံတွေ့နေရသော အိမ်ခြေ ၆၀ ခန့်ရှိပြီး လူဦးရေ ၂၀၀ ဝန်းကျင်ရှိသော ယမုံနာကျေးရွာသို့ ဧပြီ ၇ ရက်က သောက်ရေသန့်ဘူးများ သွားရောက်လှူဒါန်းသည်။

အယ်နီညိုရာသီဥတုကြောင့် ယမုံနာကျေးရွာသည် တစ်ဖက်ကမ်းရှိ ထိုင်းနိုင်ငံမှ သောက်သုံးရေ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဧပြီ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

# သင်္ကြန်အပျော်လွန်လူငယ်များကြားက စိတ်ကြွရူးသွပ်ဆေးများ

**သတင်းဆောင်းပါး-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး၊ AHRN**

**နေပြည်တော် ဧပြီ ၈**

“တစ်သောင်းဖိုးပေးပါဦး” လူငယ်၏အသံက ဒီဂျေသီချင်းသံတို့အကြားတွင် ခပ်တိုးတိုး ထွက်ပေါ်လာသည်။ ၂၀၁၅ သင်္ကြန်၏ ညနေခင်းသည် အလွန်ဆူညံသည့်အသံတို့ဖြင့် လူငယ်များအတွက် အသုံးတော်ခံနေချိန်လည်းဖြစ်သည်။ အနီရောင် Vitz ကားပေါ်မှ လူငယ်အမျိုးသားတစ်ဦးက ဝယ်သူထံသို့ ပလတ်စတစ်အိတ်ငယ်လေးဖြင့် ထည့်ထားသည့် ဆေးပြားတချို့ကို ပေးလိုက်သည်။ အချင်းချင်းမို့ လက်ယဉ်ပြီးသား။ တိုးမပေါက်အောင်များပြားသည့် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် ရေပက်မဏ္ဍပ်များပေါ်မှ ရာချီနေသည့် လူများအနက် အချင်းချင်းလက်တို့မှုဖြင့် အောက်သို့ဆင်းကာ ကားအနီလေးနား မယောင်မလည်လုပ်သူ များပြားလာသည်။ ဝယ်သူနှင့် ရောင်းသူတို့ တွေ့ဆုံချိန်က ခဏသာ။ အချို့ကလည်း ကားနောက်ဖုံးဖွင့်ကာ တင်ထားသည့် ဘီယာဘူးများကိုပါ ဆက်လက်အားပေးသွားသဖြင့် သူတို့တွက်ခြေကိုက်မည့်ပုံကို မြင်ရသည်။ မိနစ် ၂၀ ခန့်အကြာတွင် ကားနီလေးမှာ တက္ကသိုလ်ရိပ်သာလမ်းဆီသို့ ဆက်လက်ထွက်ခွာသွားသည်။ မဏ္ဍပ်ပေါ်မှ လူငယ်အချို့လက်ထဲတွင်တော့ ဆေးပြားများ ရောက်ရှိခဲ့ပြီးလေပြီ။

“လူငယ်တွေဆီမှာ မပြေလည်တာတွေ၊ စိတ်ညစ်စရာတွေက အလွန်များတတ်ပြီး သူတို့မကျေလည်သမျှကို ရှောင်ရှားဖို့ မူးယစ်ဆေးက ထွက်ပေါက်ဖြစ်လာပါတယ်။ အထူးသဖြင့် လူငယ်တွေအများကြီး စုရုံးနေတတ်တဲ့ နေရာတွေမှာ အလွယ်တကူရနိုင်တဲ့ မူးယစ်ဆေးနဲ့ စိတ်ကြွရူးသွပ်ဆေးတွေဟာ လာမယ့်သင်္ကြန်ကိုလည်း ခြိမ်းခြောက်နေတယ်”ဟု ဂီတပြိုင်ပွဲတစ်ခုမှ နာမည်ရရှိလာသူ တေးသံရှင် လူငယ်တစ်ဦးက ပြောသည်။

စိတ်ကြွဆေး၊ မူးယစ်ဆေးနှင့် ဘိန်းဖြူစွဲလမ်းမိသူများကို အကူအညီပေးရာတွင် သူတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို ဦးစွာသိရှိရန်လိုအပ်ပြီး အဖြေရှာ ထိန်းချုပ်နည်းလမ်းများ ပေးအပ်ခြင်းသည် ဆေးဖြတ်ခြင်းလုပ်ငန်းကို များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး တစ်ဦးက သူ့အမြင်ကို



လူငယ်များအကြား သုံးစွဲသည့် မူးယစ်ဆေးဝါး

ပြောသည်။

“စိတ်ကြွနေတယ်၊ စကားတွေများနေမယ်၊ သုံးစွဲတဲ့သူက ဘဝင်တွေမြင့်နေမယ်။ လုပ်ချင်ကိုင်ချင်စိတ်တွေများနေမယ်။ သွားချင်လာချင်၊ လုပ်ချင်ကိုင်ချင် မရပ်မနားပါ။ စကားကလည်း မရပ်မနားပြောမယ်။ လုပ်တာကိုင်တာတွေက မရပ်မနား လျှောက်သွားပြီးတော့ အဓိပ္ပာယ်ရှိတာတွေရော အဓိပ္ပာယ်မရှိတာတွေပါ မျိုးစုံပြီးရင် နားထဲမှာ အသံတွေကြားလာမယ်။ သံသယစိတ်တွေရှိလာမယ်။ ဗိုက်မဆာပါဘူး။ လှုပ်ရှားမှုတွေများတဲ့အတွက် သူဟာဝိတ်ကျမယ်ပေါ့။ လှုပ်ရှားနိုင်တယ်။ တစ်နေကုန် အလုပ်လုပ်ရတဲ့ လူတွေပေါ့နော်။ ဥပမာ- dancer လေးတွေ၊ သီချင်းဆိုတဲ့လူတွေ၊ တစ်ညလုံး တစ်နေ့လုံး အလုပ်လုပ်ရတဲ့ တခြားနိုင်ငံသွားပြီး လုပ်တဲ့ကလေးတွေပေါ့နော်။ ကလေးတွေမှာဆိုရင်လည်း သူတို့အလုပ်ချိန်ဟာ သူတို့အသုံးမပြု သဘောမတူဘဲနဲ့ ထည့်ပေးတာလည်း ကျွန်မတို့ ကြုံဖူးပါတယ်။ ရေထဲထည့်ထားတာ၊ အအေးဘူးထဲထည့်ထားတာ ပြီးတော့ သူတို့ကိုခိုင်းစေတာ ကြုံဖူးပါတယ်”ဟု နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မာသိန်းက ပြောသည်။

ပုဂ္ဂလိကဆေးခန်းအချို့တွင်လည်း မူးယစ်ဆေးသုံးစွဲသူများကို ဆေးဖြတ်နိုင်ရန်အတွက် မိဘများထံ အပ်နှံကြခြင်းများသည် ယမန်နှစ်ကထက် မြင့်တက်လာသည်ဟု အမည်မဖော်လိုသူ စိတ်ကျန်းမာရေး ဆရာဝန်တစ်ဦးက ပြောကြားပြီး အများစုမှာ အပေါင်းအသင်းများနှင့် ပြန်လည်တွေ့ဆုံသည့်အခါ အပျော်အနေဖြင့် ပြန်လည်သုံးစွဲရင်း ဒုံရင်းသို့ ပြန်ရောက်သွားတတ်ကြောင်း သိရသည်။

“သင်္ကြန်ကာလမှာ မူးယစ်ဆေးနဲ့ပတ်သက်ပြီး စီမံချက်တွေ ရေးဆွဲထားပါတယ်။ မူးယစ်ဆေးနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေမှာ စီမံချက်တွေရေးဆွဲပြီး မူးယစ်ရဲတပ်ဖွဲ့အပါအဝင် ရဲတပ်ဖွဲ့စုစုပေါင်း ၁၇၀၀ ကျော်နဲ့ တားဆီးကာကွယ်ရေးနဲ့ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာဆိုလည်း ပေါင်းလောင်းအဆင့် ၃ စီမံချက်နဲ့ သင်္ကြန်ကာလမှာ မူးယစ်ဆေးသုံးစွဲမှုကို ကာကွယ်တားဆီးသွားဖို့ရှိတယ်”ဟု မူးယစ်ဆေးတားဆီးနှိမ်နင်းရေးဌာနအဖွဲ့မှ ဌာနမှူး ရဲမှူးကြီး ရွှေညာမောင်က ပြောသည်။

အာရှဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော အန္တရာယ်လျော့ပါးရေးအဖွဲ့(Asian Harm Reduction Network)၏ နှစ်သိမ့်ဆွေးနွေးသူလည်းဖြစ်ပြီး မူးယစ်ဆေးသုံးစွဲခဲ့ဖူးသည့် ကိုဉာဏ်လင်းထွန်းကလည်း “ကျွန်တော်ဆေးစစွဲတာ သင်္ကြန်မှာပါ။ သူငယ်ချင်းတွေနဲ့ အတူတူ ပထမနေ့မှာ ဆေးခြောက်ရဲ့အရသာကို သိသွားတယ်။ ဒါပေမယ့် ဆေးခြောက်က စတိုင်လ်မကျလို့မလုပ်ဘဲ ဆေးပြားပြောင်းပြီး သောက်ကြည့်ကြတယ်။ WYတွေပေါ့။ ဆေးကအခုလောက်တော့ မပေါသေးပါဘူး။ ဆေးမရလို့မဖြစ်ဘဲ အိမ်ကနေရသမျှယူပြီး ဆေးဝယ်တဲ့အထိ ဖြစ်လာတော့ အမေကငိုပြီး ဆေးဖြတ်ဖို့ ဆေးရုံကိုပို့ပါတယ်။ ကျွန်တော်က ဘိန်းဖြူမသုံးဘူးဆိုပေမယ့် ဆေးပြားကိုတော့ မရမနေနိုင်ဖြစ်နေတော့ ရက် ၂၀ ကျော် ဆေးရုံတက်လိုက်ရတယ်။ ဒါပေမယ့် ကိုယ့်စိတ်က တကယ်ပြတ်သားနိုင်လို့ပါ။ အများစုက အပေါင်းအသင်းတွေစုံလာရင် မနေနိုင်ဘဲ ပြန်သုံးမိကြတယ်”ဟု ပြောသည်။

သင်္ကြန်ကာလတွင် ဒေါသကြီးသူ၊ စိတ်မထိန်းနိုင်သူနှင့် သောင်းကျန်းသူများအနက် အချို့သည် စိတ်ကြွဆေးသုံးစွဲထားသူများဖြစ်နိုင်ပြီး အစပိုင်းတွင် အလွန်အကျွံအပျော်ကြူးခြင်း၊ သည်းမခံတတ်ခြင်းများမှာ စိတ်ကြွဆေးသုံးစွဲသူ၏ လက္ခဏာများဖြစ်ကြောင်း သိရသည်။

ဘိန်းစိုက်ပျိုးမှုကိုလည်း ကန့်သတ်လိုက်ခြင်းကြောင့် ဘိန်းဖြူသုံးစွဲမှုနှုန်းကို လျှော့ချပေးနိုင်ခဲ့သော်လည်း ဆေးပြားထုတ်စက်တစ်ခုတည်းမှပင် သိန်းနှင့်ချီသည့် ဆေးပြားများ ထုတ်လုပ်နိုင်လာသည့် ဓာတုဗေဒဆေးရည်သုံး စိတ်ကြွရူးသွပ်ဆေးပြားများသည် ယခင်က နိုင်ငံပြင်ပမှ ဝင်ရောက်လာသော်လည်း ယခုအခါ ဆေးပြား သန်းနှင့်ချီကာ ပြည်တွင်း၌ ဖမ်းဆီးရမိသည့် သာဓကများအရ ပြည်တွင်းမှာပင် အလွယ်တကူ ထုတ်လုပ်လျက်ရှိနေသည်ဟု စိတ်ကြွရူးသွပ်ဆေးနှင့် နီးစပ်သူများက သုံးသပ်သည်။

“ကျွန်တော်တို့ဆီကို ဆေးလာဖြတ်တဲ့အထဲမှာ ဘွဲ့ရတွေလည်း ပါပါတယ်။ အဓိကကတော့ အလုပ်အကိုင်မှာ ပိုပြီး ပင်ပင်ပန်းပန်းလုပ်နိုင်တာကြောင့် ICE တို့ WY တို့ သောက်ကြတယ်။ ဆေးပြားသောက်ထားရင် အိပ်လည်း မအိပ်ချင်တော့ဘူး။ ဘယ်လောက်ပင်ပန်းပင်ပန်း ခံနိုင်ရည်လည်း ရှိတယ်။ ဆေးရပ်လိုက်ရင် နှစ်ရက်သုံးရက် မထတမ်းအိပ်တော့ ဆက်တိုက်သောက်ရင်းကနေ စွဲလမ်းလာကြတယ်”ဟု စိတ်ကျန်းမာရေး ဆရာဝန်တစ်ဦးက သူ့အတွေ့အကြုံကို ပြောသည်။

နိုင်ငံတော်အနေနှင့် မူးယစ်ဆေးဝါးပြဿနာကို စီမံခန့်ခွဲနိုင်ရန် များစွာလိုအပ်နေသေးကြောင်းသိရပြီး မိဘများအနေဖြင့်လည်း အရွယ်ရောက်လာသည့် သားသမီးများကို မူးယစ်ဆေးနှင့် ပတ်သက်သည့် ဆိုးကျိုးများနှင့် ကျန်းမာရေးဗဟုသုတများကို ပေးအပ်ထားရန် လိုအပ်ကြောင်း ရဲမှူးကြီး ရွှေညာမောင်က ထောက်ပြပြီး ယခုနှစ်သင်္ကြန်ကာလတွင်လည်း ပြည်သူများ စိတ်ချမ်းသာစွာ အပန်းဖြေနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးဖြန့်ချိရောင်းချမှုမရှိစေရန် သင်္ကြန်မဏ္ဍပ်များမှအစ သယ်ဆောင်ရောင်းဝယ်ရာ လမ်းကြောင်းတစ်လျှောက် စနစ်တကျဖြင့် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောသည်။



ယမန်နှစ် သင်္ကြန်က ကန်တော်ကြီးကန်ပတ်လမ်းတစ်လျှောက် သင်္ကြန်ပွဲဆင်နွှဲနေသည့်လူငယ်များကို တွေ့ရစဉ်

ယခင်က ဘိန်းဖြူ ဆေးခြောက်၊ ရာမတို့ကို အများဆုံးသုံးစွဲကြပြီး ၂၀၁၀ နောက်ပိုင်းတွင် ICE စိတ်ကြွရူးသွပ်ဆေးများ ခေတ်စားလာခဲ့သည်။ လက်ရှိ ရန်ကုန်မြို့တွင် ရာဘ (ရာမ)၊ ဘိန်းဖြူ ဘိန်းမည်း၊ ဆေးခြောက်တို့ကို အများဆုံးသုံးစွဲခဲ့ကြပြီး ၂၀၁၀ နောက်ပိုင်းတွင် ICE (ရေခဲ)ဟုခေါ်သည့် စိတ်ကြွဆေးများ ခေတ်စားလာခဲ့ပြီး တစ်ဂရမ်လျှင် ငွေကျပ် သောင်းဂဏန်းသာပေးရသည်အထိ ပေါများလာခဲ့သည်။

လက်ရှိတွင် မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် အမှုများကို ယခင်ထက် ပိုမိုအားစိုက်၍ ဖမ်းဆီးနှိမ်နင်းခြင်း ပြုလုပ်လာကြောင်း၊ မူးယစ်အထူးတပ်ဖွဲ့ဝင် အင်အားလည်း ပိုမိုများပြားလာသည့်အတွက် အမှုများ ပိုမိုဖမ်းဆီးလာနိုင်ခြင်း ဖြစ်ကြောင်း၊ ပညာပေးလုပ်ငန်းများ အဖြစ်လည်း အခြေခံပညာကျောင်းများ၊ ရပ်ကွက်နှင့် မြို့နယ်များတွင် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် လူစည်ကားရာ နေရာများတွင် ပညာပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်းများပြုလုပ်ကြောင်း မူးယစ်အထူးရဲတပ်ဖွဲ့မှ သိရသည်။

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးသုံးစွဲမှု မရှိစေရေးအတွက်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပြီး ပြည်သူလူထု ၈၀၀၀ ကျော်ကိုလည်း အသိပညာပေးခဲ့ကြောင်း မူးယစ်တားဆီးနှိမ်နင်းရေးဌာနအဖွဲ့မှ သိရှိရသည်။

“မူးယစ်ဆေးဝါးရောင်းဝယ်နေတယ်လို့ သတင်းရရင်စောင့်ကြည့်တယ်။ သေချာရင် ပတ်ဝန်းကျင်နဲ့ သတင်းပေးသူတွေကတစ်ဆင့် စုစည်းပြီး ခိုင်မာအောင် တည်ဆောက်ရပါတယ်။ သေချာရင် ကျူးလွန်သူကို မလွတ်အောင် ဖမ်းပါတယ်။ မူးယစ်ဆေးရောင်းချသူတွေကို ဖမ်းတဲ့အခါ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေမှာ အရာရှိအဆင့်သာ နေအိမ်အထိ ဝင်ရောက်ရှာဖွေခွင့် ရှိပါတယ်။ ဒါတောင်မှ ဝရမ်းပေးပိုင်ခွင့်ရှိတဲ့ အရာရှိရဲ့ ဝရမ်းပါမှသာ ရှာနိုင်တာဖြစ်တာမို့ လူထုက ပူးပေါင်းဖော်ထုတ်ဖို့ အများကြီးလိုအပ်ပါတယ်။ မူးယစ်ဆေးဝါး ဥပဒေမှာရော နည်းဥပဒေအရပါ ကိုယ်တိုင်လည်း ဖမ်းဆီးပေးနိုင်တယ်။ သတင်းလည်း ပေးနိုင်တယ်လို့ ပါပါတယ်”ဟု ရဲမှူးကြီးက ရှင်းပြသည်။

“ကားတွေပေါ်မှာတင် ဆေးပြားရိုက်တယ်လို့ သိရပါတယ်။ အဓိကကတော့ ကုန်ကြမ်းဖြစ်တဲ့ ဓာတုဗေဒပစ္စည်းတွေကို အလွယ်တကူ တင်သွင်းလာနိုင်နေတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ထုတ်လုပ်တာတွေကို မြင်ခဲ့ရဖူးတယ်။ ရောင်းမယ့်မြို့ကိုအရောက် ဆေးပြားတွေထုပ်ပြီး ရောင်းချတဲ့သူတစ်ဦးနဲ့ နယ်စပ်မှာ ခင်မင်ခဲ့ရဖူးတယ်။ သူတို့အတွက်တော့ အပြားသောင်းချီကို တစ်ညတည်းနဲ့ အပြီးထုတ်နိုင်တယ်”ဟု မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ မန္တလေးမြို့မှ သွားသည့် ဆယ်ဘီးကုန်တင်ယာဉ် မောင်းနှင်သူတစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးဖြတ်သည့် ဌာနကြီး ၂၀ ကျော်နှင့် ဆေးဖြတ်ဌာနငယ် ၄၀ ကျော်ရှိကြောင်း၊ ပြန်မသုံးစွဲစေရေးအတွက် ဆေးဝါးများအပြင် Psychodraphy ဖြစ်သည့် Counselling Psychodraphy စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

“မူးယစ်ဆေးဖြတ်တဲ့ဌာနမှာ ဖြတ်ချင်ရင် မူးယစ်ဆေးဖြတ်ရမယ်။ မဖြတ်ဘူးဆိုရင်တော့ ထောင်ကျမှာပါ။ လာဖြတ်ရင်တော့ မဖမ်းပါဘူး။ လာဖြတ်တဲ့သူကိုတော့ ကျွန်မတို့က ရဲကိုအကြောင်းကြားပြီး မဖမ်းခိုင်းပါဘူး။ ကုသပေးပါတယ်။ မဖြတ်ဘူးဆိုရင်တော့ သုံးနှစ်ကနေငါးနှစ်အထိ ထောင်ကျနိုင်တယ်”ဟု ဒေါက်တာခင်မာသိန်းက ပြောသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးအဖွဲ့များ၊ နိုင်ငံတကာအင်န်ဂျီအိုများ၊ ဒေသခံများပူးပေါင်းကာ မူးယစ်ထုတ်လုပ်ဖြန့်ဖြူး၊ ကုန်သွယ်မှုများကို တားဆီးနေသော်လည်း ယင်းလုပ်ငန်းလုပ်ကိုင်မှု အများဆုံးနိုင်ငံများစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေဆဲဖြစ်သည်ကိုလည်း မြင်တွေ့ရသည်။

“ဆေးပြားသုံးတာက အပျော်တမ်းသုံးနေကြသလိုဖြစ်နေပါပြီ။ ပင်ပန်းတာတွေများလာတဲ့အခါ၊ သင်္ကြန်လိုမျိုး၊ စတိတ်ရှိုးပွဲတွေလိုမျိုးမှာ လူငယ်တွေအများဆုံးသုံးကြတယ်။ တစ်ခါတစ်ရံထက်ပိုလာရင်တော့ အန္တရာယ်ရှိမှာပေါ့။ ဒါပေမယ့် လူငယ်တွေကတော့ အန္တရာယ်ရှိတယ်လို့ သိပ်မမြင်ကြဘူး။ ကာကွယ်ပေးနိုင်ရင် အကောင်းဆုံးပဲ။ မနှစ်ကတော့ မဏ္ဍပ်ကြီးတွေမှာ အချင်းချင်းလက်တို့သုံးစွဲကြတာတွေ အများကြီးရှိခဲ့တယ်။ ဒီနှစ်သင်္ကြန်မှာတော့ လုံခြုံရေးတင်းကျပ်မယ်ပြောထားတော့ ကြည့်ရဦးမယ်”ဟု လူငယ်တစ်ဦးက သူ့အမြင်ကိုပြောသည်။

မည်သို့ပင် တားဆီးသည်ဖြစ်စေ လူငယ်များအကြား လွယ်ကူစွာ ဝယ်ယူနိုင်နေသေးသည့် အရက်၊ ဆေးလိပ်မှအစ မူးယစ်ဆေးမျိုးစုံကို ယခုသင်္ကြန်တွင် ရှောင်ရှားနိုင်ကြရန်အတွက် တစ်ဦးချင်းအသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

**(မြန်မာ့အလင်း)**

## လွတ်ရက်စေ့အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပေး

### ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင် အကျဉ်းစခန်းများမှ လွတ်ရက်စေ့အကျဉ်းသား၊ အကျဉ်းသူများအား ဧပြီ ၈ ရက် နံနက် ၈ နာရီက လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပုသိမ်အကျဉ်းထောင်မှ စုစုပေါင်း ၁၉၉ ဦးတို့အား လွတ်ရက်စေ့မြောက်ခြင်းကြောင့် လွှတ်လိုက်ခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးက ပြောသည်။ လွတ်မြောက်လာသူများတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ လုံးဝမရှိဟု ဆိုရသော်လည်း မတ် ၂၈ ရက်က ကန်ကြီးထောင့်မြို့နယ် တရားရုံးမှ ဒေါ်အောင်ဆန်းစုကြည်ပုံအား ဖေ့စ်ဘွတ်ခ်၌ မဖွယ်မရာ တင်ထားခဲ့ခြင်းကြောင့် ပြစ်ဒဏ်ခြောက်လဖြင့် ကျခံနေရသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်တွဲဖက် အတွင်းရေးမှူး ဦးသန်းထွန်းတစ်ဦးသာ ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

### ထားဝယ်

၂၀၁၆ ခုနှစ် သင်္ကြန်ပိတ်ရက်အတွင်း လွတ်မည့်အကျဉ်းသားများအား သတ်မှတ်ရက်မတိုင်မီ ဧပြီ ၈ ရက် နံနက် ၁၀ နာရီတွင် ထားဝယ်အကျဉ်းဦးစီးဌာနက လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထားဝယ်အကျဉ်းဦးစီးဌာနက လွှတ်ပေးလိုက်သော အကျဉ်းသားဦးရေမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၂၅ ဦးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ဆင်ဖြူရှင်စိုက်ပျိုးရေး၊ မွေးမြူရေး အကျဉ်းစခန်းများမှ အမျိုးသား ၈၇ ဦး၊ အမျိုးသမီးကိုးဦး စုစုပေါင်း ၉၆ ဦးအား လွှတ်ပေးလိုက်ကြောင်း ထားဝယ်အကျဉ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

### မန္တလေး

မန္တလေး အိုးဘိုအကျဉ်းထောင်မှ ဧပြီ ၈ ရက်တွင် အကျဉ်းသား ၂၁၁ ဦး လွှတ်ပေးခဲ့ရာ ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ အရာရှိတစ်ဦး ကပြောသည်။

လွတ်မြောက်လာသူ အမျိုးသား ၁၈၁ ဦး အမျိုးသမီး ၃၀ တို့တွင် နိုင်ငံရေးအကျဉ်းသားများမပါရှိဘဲ သင်္ကြန်ရုံးပိတ်ရက်အတွင်း လွတ်ရက်ပြည့်သူများသာ ဖြစ်သည်။

ဒေသခံများအနေဖြင့် အွန်လိုင်းတွင်ပြန့်နေသော ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများနှင့် ကျောင်းသားများ လွတ်မြောက်ရေးကြေညာချက်ကြောင့် စိတ်ဝင်စားမှုရှိကြသည်ဟု ဆိုသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### တောင်ငူ

တောင်ငူမြို့ အကျဉ်းဦးစီးဌာန တောင်ငူအကျဉ်းထောင်မှ ဧပြီ ၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အကျဉ်းသား ၃၀ လွတ်မြောက်ခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများ ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား ၂၆ ဦးနှင့် အကျဉ်းသူ လေးဦးတို့သည် သင်္ကြန်ကာလရုံးပိတ်ရက်များတွင် တောင်ငူထောင်မှ လွတ်ရက်ပြည့် လွတ်ရက်စေ့သည့်သူများဖြစ်ကြပြီး ရုံးဖွင့်ရက်ကြိုလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသောင်းထံမှ သိရသည်။

**သူရ(တောင်ငူ)**

### ဖျာပုံ

အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား နှစ်သစ်မင်္ဂလာအကြိုအထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြစ်ဒဏ်လွတ်မြောက်သည့်အခါတွင် နိုင်ငံ့အကျိုး၊ တိုင်းပြည်အကျိုးများကို ပြန်လည်ပါဝင်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍လည်းကောင်း အထူးလျှော့ရက်များကို ခံစား ခွင့်ပြုခဲ့သည်။

ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား ၁၁ ဦး အထူးလျှော့ရက်ဖြင့် ပြစ်ဒဏ်စေ့၍လည်းကောင်း၊ အကျဉ်းသားခုနစ်ဦး၊ အကျဉ်းသူ တစ်ဦးသည် ပြစ်ဒဏ်ရက်စေ့၍ လည်းကောင်း စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၁၉ ဦး အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

### လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ပင်မသပိတ်စခန်းမှ ကျောင်းသား ကျောင်းသူနှင့် ဝန်းရံပြည်သူများအား ဖမ်းဆီးကာ သာယာဝတီမြို့နယ်တရားရုံး၌ တရားစွဲဆိုထားသော ကျောင်းသား ကျောင်းသူများနှင့် ဝန်းရံပြည်သူစုစုပေါင်း ၈၂ ဦးအား တရားလိုရဲမှူး ဖုန်းမြင့်က ရုပ်သိမ်းလွှာတင်သွင်းသဖြင့် မြို့နယ်တရားရုံးက ရုပ်သိမ်းခွင့်ပြုပြီး ကျောင်းသား ကျောင်းသူနှင့် ဝန်းရံပြည်သူများအား အမှုမှ ဧပြီ ၈ ရက်ညနေ ၃ နာရီ မိနစ် ၅၀ တွင် ပြန်လွှတ်လိုက်ကြောင်း သိရသည်။

**(ဝ၅၃)**

## လွတ်ငြိမ်းသက်သာခွင့်ရသည့်သူများထဲတွင် ပုဒ်မ ၁၈ ဖြင့် အကျဉ်းကျခံရသူတစ်ဦးပါဝင်

**ရန်ကုန် ဧပြီ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် ဧပြီလ ၇ ရက် နေ့စွဲပါ ကြေညာချက်အမှတ် ၁/၂၀၁၆ ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် အင်းစိန်အကျဉ်းထောင်ရှေ့၌ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ စုရုံးရောက်ရှိ ကြိုဆိုနေကြသည်။ ယနေ့လွတ်မြောက်လာသူများထဲမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် ဦးသက်ဝေကို ကြိုဆိုသူများနှင့်အတူ တွေ့ရသည်။ **(ယာပုံ)**

၎င်းက "ဦးနေမျိုးဇင်ဟာ ပက်လက်ကြီးနဲ့ တရားရုံးတွေကို လိုက်နေရတာ စိတ်ထဲမကောင်းလွန်းလို့ သူ့ကို လွှတ်စေချင်တယ်။ ကျွန်တော့်ကို သူ့အစား အဲဒီနေရာမှာ ထားပေးပါ။ ဗိုလ်ကြီးနေမျိုးဇင်ကို လွှတ်ပေးပါ။ သူ့ကို လွှတ်ပေးပါဆိုပြီး နှစ်ကြိမ်ဆန္ဒပြတာပါ။ ပုဒ်မ(၁၈)နဲ့ သုံးလ ဝင်လိုက်ရတာပါ။ ရက်စေ့တာ ၁၉ ရက်မှာပါ။ သင်္ကြန်ရက်မို့ ကြိုလွှတ်လိုက်တာပါ။ ဗိုလ်စိန်မှန်မှာ နှစ်ကြိမ်ဆန္ဒပြတာပါ" ဟု ပြောသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက် တွင် တစ်ကြိမ်နှင့် ၂၀ ရက်တွင် တစ်ကြိမ် ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွတ်မြောက်လာသူများကို လာရောက်ကြိုဆိုသူများထဲမှ နိုင်ငံရေး အကျဉ်းသားများ အဖွဲ့ချုပ်မှ ဦးမောင်စိန်က "နိုင်ငံရေးအကျဉ်းသား အကုန်လုံးလွှတ် မယ်လို့တော့ မထင်ဘူး။ ညက စမ်းချောင်းစခန်းမှူးနဲ့ တွေ့တယ်။ ကျွန်တော့်ကို ပုဒ်မ (၁၈)နဲ့ စွဲထားတဲ့ကိစ္စ၊ ဒီကနေ့ ဦးမောင်စိန် ရုံးတက်လိုက်ပါ လွှတ်ပါမယ်။ ရုံးတင်ပြီးမှ လွှတ်လိမ့်မယ်။ လွှတ်မယ်လို့တော့ ထင်တော့ မထင်ဘူး" ဟု ပြောသည်။



ပုဒ်မ(၁၈)ဖြင့် အရေးယူခံခဲ့ရသော သားနှစ်ယောက်၏ မိခင်ဖြစ်သူ ဒေါ်ခင်ကြည်ကလည်း "နိုင်ငံတော်အစိုးရက နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးမယ်ဆိုလို့ ကျွန်မရဲ့ သားနှစ်ယောက်ကို လာကြိုတာပါ။ မိဘတစ်ယောက်အနေနဲ့ သားလေးတွေ အချုပ်အနှောင်က လွတ်မြောက်လာမှာကို မျှော်လင့်တကြီးနဲ့ လာကြိုတာပါ။ လုပ်ခလစာ တစ်ထောင် တိုးတောင်းတဲ့အထဲမှာ သူတို့က ပါဝင်ပတ်သက်ခဲ့တာဆိုတော့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ အဖမ်းခံရတာပါ။ ခုထိတော့ မတွေ့ရသေးပါဘူး" ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၄၄၂ ဦး လွှတ်ပေးမည်ဖြစ်ကြောင်း သိရပြီး အမျိုးသား ၃၇၉ ဦးနှင့် အမျိုးသမီး ၆၃ ဦးဖြစ်ကြောင်း သိရသည်။ လွတ်မြောက်လာသူများထဲတွင် ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများသာ အများဆုံးနှင့် ပုဒ်မ(၁၈)ဖြင့် အကျဉ်းကျခံရသူတစ်ဦးသာ တွေ့ရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ကြည့်မြင်တိုင်တရားရုံး၌ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံနေရသူနှစ်ဦး လွတ်ငြိမ်းခွင့်ရ

**ရန်ကုန် ဧပြီ ၈**

ကြည့်မြင်တိုင်မြို့နယ် တရားရုံးတွင် ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခြင်းခံနေရသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ဗဟိုလုပ်ငန်းကော်မတီဝင် ကိုနန္ဒာစစ်အောင်နှင့် အဖွဲ့ဝင် ကိုလင်းထက်နိုင်(ခ)ဂျိမ်းတို့နှစ်ဦးအား ဧပြီ ၈ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် တရားရုံးမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(၈)အရ အမှုအား ရုပ်သိမ်းပြီး လွတ်ငြိမ်းခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဒုတိယ ရုံးချိန်းရက်ဖြစ်သည့်အတွက် ကိုလင်းထက်နိုင်(ခ)ဂျိမ်းမှာ အင်းစိန်အကျဉ်းထောင်မှ ကြည့်မြင်တိုင်မြို့နယ်တရားရုံးသို့ နံနက် ၁၁ နာရီကပင် ရောက်ရှိနေပြီး ၎င်းနှင့်အတူ အမှုတွဲပါသူ ကိုနန္ဒာစစ်အောင်ကို စောင့်မျှော်နေခြင်းဖြစ်ကြောင်း သိရသည်။ ကိုနန္ဒာစစ်အောင်သည် အခြားမြို့နယ်တရားရုံး၌ ရုံးချိန်းအရ ရောက်ရှိနေသည်ဟု ကိုလင်းထက်နိုင်က ပြောသည်။

ညနေ ၃ နာရီအထိ အခြားအမှုတွဲများ ပြီးသော်လည်း နိုင်ငံရေးအမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထူးခြားမှုအရိပ်အယောင်မရှိသည်ကို လေ့လာတွေ့ရှိရသည်။ ဤလိုပုံနှင့် မိုးကြီးချုပ်၍ ကိုလင်းထက်နိုင်တစ်ယောက် နံနက်ကလာရာ အင်းစိန်ထောင်သို့ မျှော်လင့်ချက်မဲ့စွာဖြင့် ပြန်ရတော့သည့် အနေအထား ဖြစ်လာခဲ့သည်။

မျှော်လင့်ဆဲမှာပင် မြို့နယ်ဥပဒေအရာရှိ ရောက်ရှိလာပြီး အမှုရုပ်သိမ်းခွင့်ကို တင်သွင်းခဲ့သည့်အတွက် မြို့နယ်တရားသူကြီး၏ သဘောတူညီချက်ဖြင့် ကိုနန္ဒာစစ်အောင်နှင့် ကိုလင်းထက်နိုင်(ခ)ဂျိမ်းတို့နှစ်ဦးအား အမှုမှ ရုပ်သိမ်း၍ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ကိုလင်းထက်နိုင် (ခ) ဂျိမ်းမှာ ပုဒ်မ ၁၈ ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်က ထိန်းသိမ်းခံခဲ့ရသူတစ်ဦးဖြစ်သည်။ ပုဒ်မ ၁၈ ဖြင့် ခုနစ်မှု၊ ပုဒ်မ ၅၀၅ (ခ)၅၄၃/၁၄၅ အရတစ်မှုဖြင့် ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံးများတွင် အမှုရင်ဆိုင်နေရသူတစ်ဦးဖြစ်သည်။



ကိုလင်းထက်နိုင်(ခ)ဂျိမ်း

ကိုလင်းထက်နိုင်အား ယခု လွတ်ငြိမ်းခွင့်နှင့်ပတ်သက်၍ မြန်မာ့အလင်းမှ မေးမြန်းရာတွင် "နိုင်ငံရေးသမားတွေက ရာဇဝတ်မှုနဲ့ တရားရင်ဆိုင်နေရတဲ့သူတွေ မဟုတ်ပါဘူး။ ယုံကြည်ချက်၊ ခံယူချက်နဲ့ ဆောင်ရွက်နေသူတွေဖြစ်ပါတယ်။ အခုလို နိုင်ငံရေးသမားတွေ လွှတ်ခြင်းအားဖြင့် အစိုးရက မိမိတို့ရဲ့ တန်ဖိုးကို မြှင့်တင်လိုက်ခြင်းပါပဲ"ဟု ပြောကြားခဲ့သည်။

မြို့နယ်မှုခင်းမှတ်တမ်းတာဝန်ခံအရာရှိ ရဲအုပ်က "ကိုလင်းထက်နိုင်အနေနဲ့ ဒီမြို့နယ်က လွှတ်ဝရမ်းတော့ ရသွားပါပြီ။ သူနဲ့အတူ ကိုနန္ဒာစစ်အောင်ရဲ့ လွှတ်ဝရမ်းလည်း တစ်ပါတည်း ထည့်ပေးလိုက်ပါတယ်။ ဒါပေမယ့် သူတို့အနေနဲ့ ကျန်တဲ့မြို့နယ်တွေရဲ့ လွှတ်ဝရမ်းလိုပါသေးတယ်။ ဒါကြောင့် သူ့ကိုစိတ်မကောင်းစွာနဲ့ အင်းစိန်ထောင်ကို ပြန်ထည့်ပေးလိုက်ရပါတယ်" ဟု ပြောသည်။

**တင်ဝင်းလေး**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တရုတ်-မြန်မာ နယ်နိမိတ်တစ်လျှောက် တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဧပြီ ၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။



တွေ့ဆုံရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးအနေဖြင့် အစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း ဆက်ဆံရေးကောင်းမွန်ခဲ့ကြောင်း၊ အစဉ်အလာအရ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ညီအစ်ကို အရင်းသဖွယ် နေထိုင်လာခဲ့ကြပြီး အရေးကြုံလာပါက အကူအညီပေးမှုများရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ တပ်မတော်များအကြား ဆက်ဆံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ တရုတ်-မြန်မာနယ်နိမိတ်တစ်လျှောက် တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်မှုထမ်းဟောင်းများ ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် စန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမှာကြား

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်း အမှတ်(၁)နေ နာယကကြီး ဦးကိုကိုကြီး-ဇနီး(ဒေါ်ရင်ရင်မြ)နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) ၏ ကုန်းတလပေါင်ဆေးခန်း၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးအေးမောင်သန်း လက်ခံယူစဉ်**

(သတင်းစဉ်)




# နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက်နှင့် ငါးနှစ်တာအတွင်း အသုံးပြုနိုင်မည့် လှိုင်းနှုန်းအစီအစဉ် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လှိုင်းနှုန်းစဉ်များအား စနစ်တကျစီမံခန့်ခွဲနိုင်စေရန်နှင့် လှိုင်းနှုန်းအသုံးပြုလိုသူများအနေဖြင့် လုပ်ငန်းအလိုက် အသုံးပြုနိုင်သည့် လှိုင်းနှုန်းများကိုသိရှိနိုင်စေရန်အတွက် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက် (National Table of Frequency Allocations) နှင့် မြန်မာနိုင်ငံတွင် အနာဂတ်ငါးနှစ်တာကာလအတွင်းအသုံးပြုနိုင်မည့် လှိုင်းနှုန်းအစီအစဉ် (Spectrum Road-map) အား အများပြည်သူသဘောထား၊ မှတ်ချက်များကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြီးဖြစ်သည်။

အဆိုပါ နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက်(National Table of Frequency Allocations) နှင့် မြန်မာနိုင်ငံတွင် အနာဂတ်ငါးနှစ်တာကာလအတွင်း အသုံးပြုနိုင်မည့် လှိုင်းနှုန်း အစီအစဉ်(Spectrum Road-map)နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mcit.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထရော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဧရာဝတီမြစ်ရေမြင့်တက်လာနိုင်မှုကြောင့် မြစ်ကြောင်းအတွင်းသွား ရေယာဉ်၊ လှေ၊ သင်္ဘောများဂရုပြု

**နေပြည်တော် ဧပြီ ၈**

ဧရာဝတီမြစ်ရေသည် ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့၌ နှစ်ရက်အတွင်း ခုနစ်ပေခွဲခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ သုံးပေမှ ငါးပေခန့်နှင့် နောက်သုံးရက်မှခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ သုံးပေမှငါးပေခန့်၊ နောက်လေးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၃၅ ရွာရှိ အိမ်ခြေရှစ်ထောင်ကျော် ရေပြတ်လပ်နေ

**ပဲခူး ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာတွင် ရေပြတ်လပ်မှု ဖြစ်ပေါ်နေသဖြင့် အဆိုပါကျေးရွာများရေရရှိရေး ဆောင်ရွက်ပေးနေကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ သိရသည်။

ရေပြတ်လပ်မှု ကြုံတွေ့နေရသည့် ကျေးရွာများမှာ အရှေ့ခြမ်း သနပ်ပင်မြို့နယ်တွင် ကျွဲတဲရွာ၊ ကသစ်ခုံရွာ၊ လောင်မီးချောင်းဝရွာ၊ ကသစ်ဝိုင်ရွာ၊ မင်းရွာ၊ လောင်မီးရွာ၊ ထောင်မင်းရွာ၊ ဝေါမြို့နယ်တွင် တော၊ စွန်းရွာ၊ အဗျားထမင်းဆိုင်ရွာ၊ အင်းတိုင်စုရွာ၊ ဇီးဖြူကုန်းရွာ၊ စိုင်တီစုရွာ၊ ပုဂံရွာ၊ ကဝမြို့နယ်တွင် ရွှေဘုံသာရွာ၊ ရွှေတဆုပ်ရွာ၊ ကံတော်ရွာ၊ ပဲခူးမြို့နယ်တွင် ပေပင်ချောင်းကျေးရွာ၊ ကလီရွာ၊ ရှမ်းရွာကြီးနှင့် ညောင်လေးပင်မြို့နယ်တွင်အောင်းကြီးရွာ၊ တောင်ငူမြို့နယ်တွင် စပါးလင်ကုန်းရွာ၊ ရေဆင်းကုန်းရွာ၊ လယ်တပြင်ကွင်းရွာ၊ သဲတောရွာ၊ ငါးမိုင်ရွာ၊ ခြောက်မိုင်ရွာ၊ ပန်းတောင်းမြို့နယ်တွင် အောင်ချမ်းသာ (မကျီးစမ်း)ရွာ၊ အောင်ချမ်းသာ (ရေပြာစမ်း)ရွာ၊ ရေတွင်းလှရွာ၊ သဲဖြူရွာ၊ သဲကုန်းမြို့နယ်တွင် ရွှေစုပင်(ဘုန်းကြီးကျောင်း)၊ သင်တောရွာ၊ လိန်တန်းရွာနှင့် ပေါင်းတည်မြို့နယ်၌ သပြေကြီးစုရွာ၊ ကိုယ်ဝန်ဆောင်ရွာတို့ဖြစ်ကြကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးမှာတော့ အခြေအနေအဆိုးဆုံးက သနပ်ပင်မြို့နယ်နဲ့ ဝေါမြို့နယ်ထဲကကျေးရွာအချို့ပေါ့။ အဆိုးဆုံးသနပ်ပင်မြို့နယ်ထဲက ကျေးရွာအချို့ဆိုရင် တုံကင်တွေကရေခန်းပဲထွက်တယ်။ ကန်တွေခန်းခြောက်ကုန်တယ်။ အဲဒီတော့ သောက်ရေ ယာယီကန်တွေ ပြုလုပ်ပေးပြီး ရေဖြည့်ပေးထားပါတယ်။ နောက်ထပ် ကျေးရွာတွေအတွက်လည်း ရေပြတ်လပ်မှုဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် သက်ဆိုင်ရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဆက်သွယ်အကူအညီတောင်းခံနိုင်ရေး ကြိုတင်စီမံမှုတွေလည်း ပြုလုပ်ထားပါတယ်"ဟု တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ဇင်ဇင်သက်က ပြောသည်။



**သနပ်ပင်မြို့နယ်အတွင်းရှိ ရေပြတ်လပ်မှုဖြစ်ပေါ်နေသည့် ကျေးရွာအချို့အား ရေဖြန့်ဝေပေးနေမှုမြင်ကွင်း**

အဆိုပါကျေးရွာများရှိ အိမ်ခြေ ၈၄၀၂ အိမ်မှ လူဦးရေစုစုပေါင်း ၄၁၈၉၆ ဦးအတွက် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည့် အပြင် ရေကန်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် NGO အဖွဲ့အစည်းများ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၄ ရက်မှ ယနေ့အချိန်ထိစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ပိန်းဇလုပ်သိန်းညွန့်၊ ကိုကိုနေ**

# ဦးပိန်တံတားတိုင်များ ကြံ့ခိုင်မှုရှိရန် ရေးမူမပျက် အစားထိုးပြန်လည်ပြုပြင်လျက်ရှိ



**မန္တလေး ဧပြီ ၈**

သင်္ကြန်ရက်နီးကပ်လာသဖြင့် ဦးပိန်တံတားတွင် လေ့လာလည်ပတ်သူ ဦးရေနေ့စဉ်နှင့်အမျှ များပြားလာသဖြင့် တံတားကြံ့ခိုင်မှုရှိရန် စေတနာရှင်အလှူရှင်များနှင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများက တံတားကြံ့ခိုင်မှု ရှိစေရန်အတွက် ကိုယ့်အားကိုယ်ကိုး ပြုပြင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စေတနာရှင်အလှူရှင်များက ဆက်လက်ပြုပြင်လျက်ရှိကြောင်း နေ့စဉ် နိုင်ငံခြားခရီးသွားလေ့လာကြသူများမှာ ၂၀၀ ခန့်နှင့်ဒေသအတွင်း ခရီးသွားလာသူ ၁၀၀၀ ကျော် ထိရှိကြောင်း သိရသည်။

"ဒီတံတား စတင်တည်ဆောက်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၁၆၀ ကျော်ခဲ့ပါပြီ။ တံတားတိုင်တွေ ကြမ်းခင်းတွေဟာ အချို့နေရာတွေမှာ ပျက်စီးနေပါတယ်။ အခုလို နွေရာသီကျောင်းပိတ်ရက် သင်္ကြန်ရက်မတိုင်မီနဲ့ သင်္ကြန်အခါရက်တွေမှာ ကြက်ပျံမကျ စည်ကားလှတာမို့ တံတားကြံ့ခိုင်မှုရှိအောင် ပြုပြင်နေတာပါ။

"လွန်ခဲ့တဲ့ မတ် ၁၅ ရက်လောက်ကတည်းက စတင်ပြုပြင်နေတာပါ။ တစ်ရက်ကို ငါးတိုင်လောက်တော့ ပြီးပါတယ်။ တချို့ရက်မှာ သုံးတိုင်လဲပါတယ်။ နေ့စဉ်ဆက်တိုက်တော့မဟုတ်ပေမယ့် ပုဂ္ဂလိကအလှူရှင်တွေက ရေးမူလည်းမပျက်ရလေအောင် တိုင်အဟောင်းကို မနုတ်ဘဲ ထပ်ပိုးပြီးစိုက်ပါတယ်။ ကြမ်းခင်းတွေလည်း တချို့နေရာ ပြန်ခင်းပါတယ်။ အခုလို ပြုပြင်တဲ့အခါ ခရီးသွားလည်ပတ်သူတွေအတွက် စိတ်အနှောင့်အယှက်မဖြစ်အောင် စက်ယန္တရားလူအင်အားတွေနဲ့ပြုပြင်နေပါတယ်"ဟု အလှူရှင်တစ်ဦးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ သမိုင်းဝင်ဦးပိန်တံတားသည် ယခုအခါနှစ်ပေါင်း ၁၆၀ ကျော် ကြာမြင့်နေပြီဖြစ်သောကြောင့် ရှေးယခင်တံတားတိုင်များနှင့် ကြမ်းခင်းတချို့မှာ ပျက်စီးမှုများဖြစ်ပေါ်လာသဖြင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်လျက် ဒေသခံများနှင့် ပုဂ္ဂလိကအလှူရှင်များက တံတားကြံ့ခိုင်မှု ရှိစေရန်အတွက် တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၆၇)**

# မိတ္ထီလာတွင် ဗဟိုရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်းမရှိသော်လည်း ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များဆောက်လုပ်၍ သင်္ကြန်ပွဲတော်ကျင်းပရန်ပြင်ဆင်

**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာတွင် ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ဗဟိုရေကစားမဏ္ဍပ် ဆောက်လုပ်ခြင်း မရှိသော်လည်း ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျီတော်ကုန်းရေကစားမဏ္ဍပ်ကို မနှစ်က ဒီအချိန်ဆို စတင်ဆောက်လုပ်ပြင်ဆင်နေကျပါ။ မနှစ်က မဟာသင်္ကြန်ပွဲတော်မှာ ကျီတော်ကုန်းမိသားစုရေကစားမဏ္ဍပ်က မြို့မှာ ရေကစားသူ၊ သင်္ကြန်ပွဲလည်ပတ်ပျော်ရွှင်သူတွေနဲ့ အစည်ကားဆုံးမဏ္ဍပ်တစ်ခုဖြစ်ပါတယ်။ ဒီနှစ်လည်း အဲဒီလို စည်ကားသိုက်မြိုက်စွာနဲ့ မဟာသင်္ကြန်ပွဲတော် ကျင်းပဆင်နွှဲနိုင်ဖို့ ရေကစားမဏ္ဍပ် ဆောက်လုပ်ပြင်ဆင်နေပါတယ်။ ရေကစားမဏ္ဍပ်မှာ ရပ်ကွက်အတွင်း လူငယ်တွေ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နဲ့ အေးအေးချမ်းချမ်း ရေကစားနိုင်ဖို့ စီစဉ်ပေးထားမှာပါ။ လုံခြုံရေးကို စနစ်တကျ ဆောင်ရွက်ထားပါတယ်။ ဒီနှစ်သင်္ကြန်မှာ ကျီတော်ကုန်းရပ်ကွက်အနေနဲ့ ပထမဆုံးသက်ကြီးပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမှာပါ"ဟု ကျီတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

ကျီတော်ကုန်းရပ်ကွက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲရန် ရေကစားမဏ္ဍပ် ဆောက်လုပ်ပြင်ဆင်နေသကဲ့သို့ ရတနာမာရ်ဝန်ဇင်း၊ ဝမ်းတော်ပြည့်တိုးချဲ့နှင့် Relax စားသောက်ဆိုင် ရေကစားမဏ္ဍပ်များလည်း ဆောက်လုပ်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ )**

# ဒုတိယအကြိမ် မင်္ဂလာမန္တလေး သင်္ကြန်အကြိုပွဲ ကျင်းပ

**မန္တလေး ဧပြီ ၈**

ဒုတိယအကြိမ်မြောက် မင်္ဂလာမန္တလေး အထည်ဆိုင်များ၏ သင်္ကြန်အကြိုပွဲ အခမ်းအနားကို ဧပြီ ၇ ရက်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေး လမ်းတစ်လျှောက်ဈေးနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညွန့်မောင်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တာဝန်ရှိသူများက ဒုတိယအကြိမ် မင်္ဂလာမန္တလေး မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



အဆိုပါ မင်္ဂလာမန္တလေး သင်္ကြန်အကြိုပွဲကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှည ၉ နာရီအထိ လေးရက် တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး တင်မိုးလွင်ပါဝင်ဦးစီးသော အကဲဖြတ်ဒိုင်အဖွဲ့များ၏ မောင်သင်္ကြန်၊ မယ်သင်္ကြန်ရွေးချယ်ခြင်းများ၊ Talents & Models မှ မော်ဒယ်များ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုသရုပ်ပြများ၊ အဆိုတော်အောင်ထက် (အိမ်မက်ဆုံရာ ရာသက်ပန်) နှင့် မင်္ဂလာမန္တလေး Singing Contest မှ အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများပါဝင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သင်္ကြန်ပွဲတော်ကာလ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ရဲစခန်းအသီးသီးမှ အပိုင်နယ်မြေအလိုက် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ လျော့ကျရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ အစရှိသည့်ရဲစခန်းများအလိုက် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်းသတ်မှတ်ချက်များနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

"သင်္ကြန်ကာလမှာ စည်းကမ်းချိုးဖောက်တဲ့ ဆိုင်ကယ်တွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာပါ။ လိုင်စင်မဲ့ဆိုင်ကယ်တွေ၊ အိတ်ဇောဖြုတ်မောင်းတဲ့ဆိုင်ကယ်တွေ၊ နှစ်ဦးထက်ပိုစီးတဲ့ ဆိုင်ကယ်တွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်းက ပြောသည်။

**ကိုလွင်(ဆွာ)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ လက်ထောက်ဌာနခွဲမှူး ဦးလှမျိုးထွန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ပူးပေါင်းအဖွဲ့က မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံ၌ ဧပြီ ၅ ရက်က ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းလိုက်နာရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အရက်သောက်စားမူးယစ်မောင်းနှင်ခြင်း ရှိမရှိ Alchol ကိရိယာဖြင့် လက်တွေ့သရုပ်ပြတိုင်းတာခြင်းကို ဧပြီ ၆၊ ၇၊ ၈ ရက်အထိ ပညာပေးဆောင်ရွက်သွားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



**မြန်အောင်**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် မြန်အောင်မြို့တွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူခင်းကျဆင်းရေး ပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်က မြန်အောင်မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဌေးဦးစီးသော တပ်ဖွဲ့ဝင်များသည် မြို့အဝင်/အထွက်နေရာများနှင့် လူစည်ကားရာနေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မူခင်းကျဆင်းရေးအသိပညာပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးဆောင်ရွက်

**ထားဝယ် ဧပြီ ၈**

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်များ အရက်သေစာသောက်စားမူးယစ်ရမ်းကားခြင်း၊ စိတ်ကြွရူးသွပ်ဆေးများ ဝယ်ယူသုံးစွဲကာ မှုခင်းဖြစ်စဉ်ကျူးလွန်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု (၃၃)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်လွင်၊ ခရိုင်ရဲတပ်ဖွဲ့၊ ဒုရဲမှူးသန်းထွန်းနှင့် တာဝန်ရှိသူများသည် ဧပြီ ၇ ရက်က ထားဝယ်မြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင်နှင့် ကွမ်းယာဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် သင်္ကြန်ကာလအတွင်း စိတ်ကြွရူးသွပ်ဆေးများ၊ မူးယစ်ဆေးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် တရားမဝင်တင်သွင်းလာသည့် ကာမန္တိုးဆွစေသည့်ဆေးဝါးများနှင့် ရက်လွန်ဆေးဝါးများ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများ ရောင်းချခြင်းရှိမရှိနှင့် ရောင်းချခြင်းမပြုကြရန် ပညာပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုင်းခတ်မြို့နယ်တွင် ဆိုလာပြားအပူလွန်၍ မီးလောင်

**ကျိုင်းတုံ မတ် ၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခတ်မြို့နယ် ပါခါးဝမ်မိုင်ကျေးရွာတွင် နေအိမ် နှစ်လုံးမီးလောင်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၇ရက် ညနေ ၃ နာရီက ယင်းကျေးရွာနေ ဦးလော်ဂျီ၏ စပါးကျီ ခေါင်မိုးပေါ်တွင် တပ်ဆင်ထားသည့် ဆိုလာပြားအပူလွန်ကဲ၍ နေအိမ်နှစ်လုံး မီးလောင်ခဲ့ခြင်းဖြစ်သည်။ "ဆိုလာပြားက သုံးပေ တစ်ပေခွဲ ရှိပါတယ်။ သက်ကယ်အမိုးပေါ်မှာ ထားတာဆိုတော့ မီးလောင်ဖို့ ပိုလွယ်တယ်" ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

မိုင်းခတ်မြို့နှင့် ခုနစ်မိုင်ခန့် ကွာဝေးသော ထိုကျေးရွာသို့ မီးသတ်ယာဉ်များ သွားရောက်ငြိမ်းသတ်ခဲ့သည်။ ကျေးရွာတွင် အိမ်ခြေ ၁၇ လုံး၊ လူဦးရေ ၇၂ ဦးရှိပြီး လားဟူ တိုင်းရင်းသားများ နေထိုင်ကြသည်။ မိုင်းခတ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အသင်းအဖွဲ့တို့က မီးဘေးသင့် အိမ်ထောင်စုနှစ်စုကို ထောက်ပံ့မှုများဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ရပ်ထားသောကားကို ဝင်တိုက်၍ တစ်ဦးသေ၊ လေးဦးဒဏ်ရာရ

**ပန်းတောင်း ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လဲကျေးရွာအနီး ပြည်-တောင်ကုတ်ကားလမ်းမိုင်တိုင်အမှတ် ၁၈/၅ နှင့် ၁၈/၆ အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၇ ရက်က ပြည်မှတောင်ကုတ်ဘက်သို့ ယာဉ်မောင်းကျော်ဆန်းဝင်း မောင်းနှင်လာသော ယာဉ်အမှတ် 8I /---- မှာ လဲကျေးရွာအနီး မဏိရတနာကျော်ဆီဆိုင်ရှေ့ မိုင်တိုင်အမှတ် ၁၈/၅ နှင့် ၁၈/ ၆ အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်မြေသားလမ်းပေါ်တွင် ရပ်ထားသည့် ယာဉ်အမှတ် 3B/---- ၁၀ ဘီး မြေသယ်ယာဉ်အား ဝင်တိုက် မိသဖြင့် 8I/----ယာဉ်ရှေ့ပိုင်း ပျက်စီးသွားပြီး ယာဉ်မောင်း ကျော်ဆန်းဝင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဦးသန်းထိုက် (၃၈နှစ်)၊ ဦးသန်းလှ (၅၆နှစ်)၊ မနိုင်နိုင်ထွန်း(၃၂နှစ်)၊ မယဉ်သူဇာနိုင်(၂၃နှစ်) တို့မှာ ဒဏ်ရာများရရှိသဖြင့် ဥက္ကံပင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ဥက္ကံပင်နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၆၁)**

# ဗင်ကား ရှေ့ဘီးပေါက်၍ တိမ်းမှောက်

**မြင်းမူ ဧပြီ ၈**

မြင်းမူမြို့ အလ္လကပ္ပရွာနှင့် ဝမ်းပြည့်ရွာအကြား ဧပြီ ၇ ရက် ညနေပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အလ္လကပ္ပရွာနှင့်ဝမ်းပြည့်ရွာအကြား မန္တလေး-မြင်းမူ-မုံရွာကားလမ်း မိုင်တိုင်(၅၁/၃ နှင့် ၄)အကြားတွင် မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးမောင်မောင်(၆၂နှစ်) စာတိုက်တန်းရပ် အမရပူရမြို့နယ်နေသူ မောင်းနှင်သည့် YGN/---ယာဉ်သည် ရှေ့ဝဲဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်း ဦးမောင်မောင်တွင် ဒဏ်ရာများရရှိခဲ့သည်။

ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးမောင်မောင်အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ဝ၇၇)**

— — — — — —

# မူးယစ်ဆေးဝါးရှာဖွေမှုပြုလုပ်နေစဉ် အစစ်ဆေးမခံဘဲ ဓားဖြင့်ပြန်လည်ခုခံ

**နောင်ချို ဧပြီ ၈**

နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ဧပြီ ၇ ရက်က သိန်းနီဘက်မှ နောင်ချိုမြို့နယ်ဘက်သို့ မိုင်းချစ်သူမောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေစစ်ဆေးစဉ် မိုင်းချစ်သူက စစ်ဆေးမခံဘဲ အသင့်ယူဆောင်လာသော အရိုးအသွား ၁၂ လက်မခန့်ရှိ စတီးဓားဖြင့် ပြန်လည်ခုခံသဖြင့် မူးယစ်တပ်ဖွဲ့ဝင် များက လုံးထွေးသတ်ပုတ်ဖမ်းဆီးရာ ဘိန်းဖြူမှုန့် အလေးချိန် ၅၂၈ ဂရမ်ခန့် သိမ်းဆည်းရမိသဖြင့် မိုင်းချစ်သူ (၃၀ နှစ်)ကို နောင်ချို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

အလားတူ ဧပြီ ၆ ရက်က နောင်ချိုမြို့အဝင်(ညောင်ပင်)မိုင်တိုင်အမှတ် (၈၀/၄) တွင် နမ္မတူ၊ မန်စန်မှ မန္တလေးဘက်သို့ စိုင်းဂမ်ဆိုင်မောင်းနှင်လာသော ဆိုင်ကယ်နှင့်လောက်စန်းမောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ စုစုပေါင်း အလေးချိန် ၁ ကီလိုခန့် သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ စိုင်းဂမ်ဆိုင် (၅၃ နှစ်)၊ လောက်စန်း (၃၆ နှစ်)တို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း-နောင်ချို**

# မှုခင်းကျဆင်းရေး ဆောင်ရွက်စဉ် မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**ကော့သောင်း ဧပြီ ၈**

ကော့သောင်းမြို့နယ်တွင် ဧပြီ ၈ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးဖော်ထုတ်ခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက်နယ်မြေအတွင်း ပြည်သူ့ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး နယ်မြေကွင်းဆင်းကင်းလှည့်နေစဉ် ကမ်းနားတွင်တွေ့ရှိရသူ ဆန်းဦး(ခ)ပလွေရိုး (၃၇ နှစ်)အား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ပြားနှင့် ဆေးရောင်းချရငွေကျပ် ၁၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့်လမ်းရှိ နေအိမ်အိပ်ခန်းကို ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်ရှေ့ခန်းတွင် စိတ်ကြွဆေးပြား ၆၁ ပြား စုစုပေါင်း ဆေးပြား ၈၂ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**


**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂၀/ခ)၊ကျူးအနောက်၊ ဦးပိုင် ၂၄၊ မြေဧရိယာ ၀ ဒသမ ၇၄၅ဧကရှိ (အရှေ့ဘက်-ဒေါ်ခင်မေအောင်၊အနောက်ဘက်-အစိုးရ၂၅၊ တောင်ဘက်-ကန်တော်ပေါက်၊ မြောက်ဘက်-ဦးယဉ်ဒွေး) အလားလေးရပ်အတွင်းရှိ မြေအား လူနေဂရန် အသစ်ရရှိရန် ဦးမြင့်သူ ၇/တငန(နိုင်)၀၄၄၆၄၆ က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထားမှုရင်းများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးမြင့်သူသို့ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ မြေတိုင်း အကွက်အမှတ်(၂၀/က)၊ကျူးအနောက်၊ ဦးပိုင် ၁၂၊ မြေဧရိယာ ၀ ဒသမ ၈၁၈၉ဧကရှိ (အရှေ့ဘက်-ဦးရဲဝင်း၊ အနောက်ဘက်-ဒေါ်စမ်းစမ်းမြင့်၊ တောင်ဘက်-ဒေါ်စမ်းစမ်းမြင့်၊ မြောက်ဘက်-ဦးမျိုးမြင့်ပါ-၅) အလားလေးရပ် အတွင်းရှိမြေအား လူနေဂရန်အသစ်ရရှိရန် ဒေါ်စမ်းစမ်းမြင့် ၇/တငန(နိုင်)၀၆၃၆၈၉က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထားမှုရင်းများ တင်ပြပြီး ယနေ့မှစ၍၁၅ ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်စမ်းစမ်းမြင့်သို့ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာ အပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ဘောဝရ ခရီးသွားလုပ်ငန်း
(အလောင်းတော်ကဿပ၊ ရွှေစက်တော်) Hotel, Guest House ...
Ph- 09250570004, 09260360066, 09 260360006

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၉၃၅၉၈ Wonjan ၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးထိုက် ၇/ပမန(နိုင်)၁၈၂၄၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/6215 Toyota VITZ SC p 90 H/B(4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၁၂/ဥကတ(နိုင်)၀၆၀၂၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင် အမည်မှန်**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ ဇယန်းကြီး(ရွာမ)နေ မောင်ကောင်းထက်စံ (မွေးသက္ကရာဇ် ၂-၁-၂၀၀၀ ခုနှစ်)၏ ဖခင်အမည်မှန်မှာ ဦးကျော်တင် ၁၃/နဆန(နိုင်)၀၀၀၁၁၃ ဖြစ်ပါကြောင်း။

**ဦးကျော်တင်**

**GOLDEN STAR ခရီးသွားလုပ်ငန်း**

- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်

တိုတယ် စီစဉ်ပေးသည်။

Ph: 209200, 544383, 430480, 705968, 703448

**GOLDEN STAR Travels & Tours**

- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Apr-11,12,17
- ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Apr-12
- မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
- ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
- တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
- ငွေဆောင်(Hotel + Car) Apr-11,12,13,14

Ph;09-5081580, 09-5036640, 09-5080860, 703448

YANGON SCHOOL OF POLITICAL SCIENCE

Tender for the provision of a used Komori SII 226P ('97 onwards) offset printer
Tender YSPS1 – 2016

Tenders are invited for the supply, installation and commissioning of a used, two unit, two colour Komori SII 226P offset printer (imported from Japan only) to be used in the setting up of a new social enterprise – Yangon School Press.

For an electronic copy of the RFT please email: yangonschool@gmail.com. Hard copies of the RFT are available from the YSPS office at: Yangon School of Political Science, 122, 2nd Floor, 51st Street (Middle), Pazundaung Township, Yangon (tel: 01-292205/09420164600).

Tenders must be lodged in the tender box in the YSPS office by **4pm on Wednesday 27th April.**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/8243 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/1065 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်အပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဆရာဝန်/သူနာပြု/အကူသူနာပြု ခေါ်ယူခြင်း**

ပျဉ်းမနားမြို့၊ သံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်နေသော ဆရာဝန်(၁)ဦး၊ သူနာပြု(၂)ဦး၊ အကူသူနာပြု(၂)ဦး နေရာကို ၂၅-၄-၂၀၁၆ ရက် ညနေ ၅ နာရီ နောက်ဆုံးလျှောက်ထားနိုင်ပါသည်။ အသေးစိတ်ကို အောက်ပါ ဖုန်း၊ ဖေ့စ်ဘုတ် စာမျက်နှာပေါ်တွင် ဖတ်ရှုစုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
သံဃာ့ဆေးရုံ
နေပြည်တော်၊ ပျဉ်းမနား၊
ဖုန်း-၀၆၇-၂၁၁၃၄၊
၀၉-၇၉၇၉၃၆၀၇၇
https:/www.facebook.com/Sangha Hospital ~ 515399965227577/? ref setting

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/2408 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်အပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/6918 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်အပါသည်။

**ကညန(ရွာသာကြီး)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၉-၄-၂၀၁၆(စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၃၅ - ခါသကြံန်အဆိုအကများ
၁၀း၃၅ - သင်္ကြန်ကာလ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် မှခင်းကျူးလွန်ရေး ဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးမေးမြန်းချက်
၁၂း၃၅ - တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၀၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်းစဉ်

**ညပိုင်း**

၁၅း၃၅ - Hyper Sports
၁၆း၁၅ - One Championship
၁၆း၃၅ - အလုပ်အကိုင် အခွင့်အလမ်းအစီအစဉ်
၁၉း၁၅ - ရင်တွင်းရေးပြသနာ (အပိုင်း-၄)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - သင်္ကြန်ရေသဘင်တူန္တဲ့ယှဉ် အသိပညာပေးစကားဝိုင်း (အပိုင်း-၁)
- ဂီတတံခါးလေးဖွင့်ပါဦး
- ဂီတသမား၊ ဂီတစကား

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# စားသုံးရန်မသင့်သည့် စားသောက်ကုန်များ မူဆယ်တွင် မီးရှို့ဖျက်ဆီး

**မူဆယ် ဧပြီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ စွမ်းစော်ရပ်ကွက်ရှိ ဖျက်ဆီးကွင်း၌ ဧပြီ ၈ ရက် နံနက် ၉ နာရီတွင် အများ ပြည်သူစားသုံးရန် မသင့်သော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခဲ့သည်။ **(အောက်ပုံ)** အဆိုပါ ဖျက်ဆီးခြင်းသို့ မူဆယ်မြို့ရှိ ဌာနဆိုင်ရာပေါင်းစုံမှ တာဝန်ရှိသူများ၊ NGO အသင်းအဖွဲ့များ၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင်နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်း ဦးဆောင်သောအဖွဲ့တို့သည် မူဆယ်မြို့ရုံး ဖမ်းဆီးမှုတစ်မှု၊ OSS ဖမ်းဆီးမှုတစ်မှု၊ Mobile Teamဖမ်းဆီးမှု ၅၄ မှု စုစုပေါင်း ဖမ်းဆီးမှု ၆၅ မှုပါ အများပြည်သူစားသုံးရန် သုံးစွဲရန် မသင့်လျော်သည့် စားသောက်ကုန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။



အဆိုပါ စားသုံးရန်မသင့်သောပစ္စည်းများမှာ နို့ဆီ ဖာ ၅၀၊ ပဲငံပြာရည် ဖာ ၂၀၊ ခေါက်ဆွဲခြောက် ဖာ ၄၀၊ တရုတ်နိုင်ငံထုတ် မရွေးမုန့် ၂၅ ဖာ၊ မှိုခြောက်၊ ပဲကောစေ့၊ တရုတ်နိုင်ငံထုတ် စားအုန်းဆီ ၁၀ ဂါလန်၊ စားသုံးရန်မသင့် တရုတ်နိုင်ငံထုတ် မုန့်ဖာ ၁၅၀၊ အချိုရည်မျိုးစုံ ၅၄ ဖာ၊ တရုတ်နိုင်ငံလုပ် အရက်၊ ဘီယာမျိုးစုံ၊ ဝိုင်သုံးဖာ၊ တရုတ်နိုင်ငံထုတ် အေးခဲကြက်သား ၁၈ ဖာ၊ တရုတ်နိုင်ငံထုတ် ပီကေ ၁၈ ဖာ၊ ချိုချဉ်မှုန့် ဖာ ၁၀၀၊ Injection Syring ၆၄ ကီလို၊ ဓာတ်မြေဩဇာ အိတ် ၂၀၀၊ တရုတ်နိုင်ငံထုတ် Snack&wafer ၁၂၂ ဖာ၊ အစပ်ချောင်း ဖာ ၁၅၀၊ နို့မှုန့် ၅၃ ဖာ၊ Nutrious Powder(Milk) ၉၄ ကီလို၊ ချိုချဉ်ထုပ် ၁၇ ဖာ ပစ္စည်းပေါင်း ၅၃၂ ခုနှင့် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း၃၇၈၃၀၃၀၀ ခန့်ကို တာဝန်ရှိသူတို့မှ အများပြည်သူ ရှေ့မှောက်တွင် အဆိုပါ စားသုံးရန်မသင့်လျော်သည့် စားသောက်ကုန်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

## သပြေဝဓာတ်အားခွဲရုံအနီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝဓာတ်အားခွဲရုံ၌ ဧပြီ ၇ ရက် နံနက် ၉ နာရီခွဲက ခွဲရုံ၏ ပတ်ဝန်းကျင်ရှိ မြက်ခြောက်များအပေါ် လမ်းသွားလမ်းလာများ ဆေးလိပ်မီးစွန့်ပစ်ရာမှ တောမီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ်ခြောက်စီးဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၁၀ နာရီကျော်တွင် မီးငြိမ်းသွားပြီး မီးလောင်မှုကြောင့် ဓာတ်အားခွဲရုံအတွင်းရှိ ကြွေသီးခြောက်လုံး(ပါကင်ဖုံးအပါအဝင်) မီးလောင်ခံရကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဧပြီ ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဧပြီ ၈ ရက် (သောနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၄၂၅၀၀ |
| ၂။ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၅၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၁၅ မှ ၁၇၈၀ |
| ၇။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ မင်းဘူး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၅ မှ ၆၂၅ |
| ၈။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၇၅၀ မှ ၄၈၅၀ |
| ၉။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၃၀၀ |
| ၁၀။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၀၀၀ |
| ၁၁။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၈၀၀ |
| ၁၂။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၇၀၀ |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ |
| ၁၅။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀၀ မှ ၁၂၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**

## ဇမ္ဗူသီရိမြို့နယ်တွင် အမျိုးသားတစ်ဦး တိုက်ပေါ်မှခုန်ချသေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ အမျိုးသားတစ်ဦး သုံးလွှာပေါ်မှ တိုက်အောက်သို့ ခုန်ချခဲ့ရာမှ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၈ ရက် နံနက် ၆ နာရီခွဲက ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာ တိုက်အမှတ် (၁၃၇၆) ပေါ်မှ အမျိုးသားတစ်ဦး ခုန်ချ၍ ဒဏ်ရာများ ရရှိနေကြောင်း သတင်းအရ စစ်ဆေးရာ ဒဏ်ရာရရှိသူမှာ မောင်မောင်မြင့် (၄၆ နှစ်)ဘောဂလမ်း ရွှေနှင်းဆီရပ်ကွက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူသည် ညီဖြစ်သူ ကိုအောင်မျိုးခန့် (၃၅နှစ်) တိုက် (၁၃၂၈) အခန်း (၃၁) ဓနသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်နေသူထံ ခေတ္တလာရောက် နေထိုင်စဉ် စိတ်ဖောက်ပြန်ပြီး တိုက် (၁၃၇၆) သုံးလွှာပေါ်မှ ခုန်ချခဲ့ရာ မောင်မောင်မြင့်တွင် ဒဏ်ရာများ ရရှိ၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ရဲအုပ် မြတ်ကိုကိုက တိုင်တန်းသဖြင့် အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၂၄၁၄ Isuzu TFS 54 P/U(4x4) Double cab ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသန်းထွေး ၁၃/တကန(နိုင်)၀၆၆၆၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/4106 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးဆုငြိမ်း ၁၂/သခန(နိုင်)၁၄၆၂၂၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဖုန်အကွက်၊ ဦးပိုင်အမှတ်(B-၇၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဗိုလ်ကြီးကျော်ဇေယျက ၎င်း၏အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

### JES Driver Agency အတွက်

ယာဉ်မောင်းသင်တန်းတက်လိုသူများသင်တန်းကြေး - ၃၀၀၀၀/- ကျပ် ဖြင့်တက်ရောက်နိုင်ပါသည်။ (၂ -၅ -၂၀၁၆) ရက်နေ့တွင်ဖွင့်ပါမည်။ (ခ) ယာဉ်မောင်းလိုင်စင်ရသည်အထိဆောင်ရွက်ပေးပါသည်။ အမျိုးသမီးများပါတက်ရောက်နိုင်ပါသည်။

အောက်ပါတယ်လီဖုန်းများတွင်စုံစမ်းနိုင်ပါသည်။
09-8581144, 09-32173735, 09-263145979, 09-797815723, 09-32250319, 09-263464993

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၄-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၄-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### JES Driver Academy

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်ပြီး ကျွမ်းကျင်စွာ ယာဉ်မောင်းတတ်လိုသူများအတွက်၊(က.ည.န) အငြိမ်းစားများ ဦးစီးသော JES Driver Academy သင်တန်း အမှတ်စဉ် (၄/၁၆) ဖွင့်ပါပြီ။ မေလ (၂) ရက်နေ့ (၂ - ၅ - ၂၀၁၆) တနင်္လာနေ့ တွင်သင်တန်းစတင်ပါမည်။ အောက်ပါနေရာနှင့်တယ်လီဖုန်းနံပါတ်များတွင် စုံစမ်းစာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။ အမှတ်(၆)၊ပထမထပ်၊(၁၂)လမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
09 8581144, 09 32173735, 09 263145979, 09 797815723, 09 263464993, 09 32250319
www.facebook.com/jesdriveracademy




### ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊သပြေစမ်းရပ်၊ အရှေ့သပြေစမ်းလမ်း၊ အနောက်စည်ပင်လမ်းကြားရှိ အနံ ၂၃ပေ၊ အလျား ၆၅ ပေရှိသော ကျွန်မ ဒေါ်အေးအေးမော် ၇/တငန(နိုင်)၀၄၇၉၄၁ ပိုင်ဆိုင်ကြောင်းအာမခံသည့် အိမ်ခြံမြေအား ရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူ ဦးထွန်းလင်း ၇/အတန(နိုင်)၀၀၀၃၆၉ မှ ၅-၄-၂၀၁၆ ရက်တွင် စရန်ပေးငွေ စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း(သို့)ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆိုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်**
**၇/တငန(နိုင်)၀၄၇၉၄၁**

### မွေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာ၊ မင်းလမ်း၊ အမှတ်(၆၈၀)နေ ဦးမောင်အေး၏ မွေးဖြစ်သူ မောင်ဝေလျှံဖြိုး (ခ) ဝိုင်းဝိုင်း ၁၀/သထန(နိုင်)၂၁၅၈၃၀ သည် မိသားစုများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ မွေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်အေး ၁၀/သထန(နိုင်) ၁၀၀၈၈၇**

### အမည်ပြောင်း

ဦးမင်းမင်းစိုး ၅/တဆန(နိုင်)၀၈၂၇၆၄၏သမီး မမြတ်ရတီစိုးအား မမြတ်ရတီမင်းစိုးဟု ပြောင်းလဲ ခေါ်ပါရန်။

**မမြတ်ရတီမင်းစိုး**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ ၀ ဒသမ ၅၄၉ ဧကရှိမြေကိုဦးစတင့်ဝေ ဒုတိယညွှန်ကြားရေးမှူး၊ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံ စွာဖြင့် ဤ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ တောရကျောင်း အကွက်၊ ဦးပိုင်အမှတ်(၂၆-င)၊ ဧရိယာ ၀ဒသမ ၁၇၀ ဧကရှိ အစိုးရမြေအား ဦးမောင်မောင်စိုး၊ ဒေါ်သန်းသန်းထွေးတို့ အမည်ဖြင့် မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

# မြစ်ကြီးနားတွင် ယဉ်ကျေးလိမ္မာကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၈**

"ကလေးများ ယဉ်ကျေးလိမ္မာမှုရှိစေရန်နဲ့ အမျိုးချစ်တဲ့စိတ်၊ ဘာသာတရားကို ချစ်မြတ်နိုးတဲ့ စိတ်ရှိစေရန်၊ အမျိုးဘာသာသာသနာအဓွန့်ရှည် တည်တံ့ခိုင်မြဲကာ ကွယ်ပျောက်မသွားအောင် ရည်ရွယ်ပြီး ယဉ်ကျေးလိမ္မာကဗျာရွတ်ဆိုပြိုင်ပွဲကို ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ကျင်းပခဲ့တာ အခုဆို (၁၆)ကြိမ်မြောက်ရှိပါပြီ။ ရှေ့ဆက်ပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမယ်လို့ စိတ်ကူးထားပါတယ်"ဟု ကချင်ပြည်နယ် သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးညွန့်မောင်က ဧပြီ ၆ ရက်က မြစ်ကြီးနားမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းသီရိခန်းမ၌ ကျင်းပသည့် ယဉ်ကျေးလိမ္မာကဗျာ ရွတ်ဆိုပြိုင်ပွဲတွင် ပြောသည်။



အဆိုပါပြိုင်ပွဲကို မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယဉ်ကျေးလိမ္မာကျောင်း ၁၆ ကျောင်းမှ မူလတန်းအဆင့်ကျား ၁၆ သင်း၊ မ ၁၆ သင်းတို့က မြတ်မင်္ဂလာစာအုပ်ထဲမှ ကြိုက်နှစ်သက်ရာ ကဗျာများဖြင့် ရွေးချယ်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ယင်းပြိုင်ပွဲကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ် သာသနာနုဂ္ဂဟအသင်း၊ မြို့နယ် ဗုဒ္ဓဘာသာသာသနာရေးရာအဖွဲ့မှ ဦးစီးပြီးပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# နိုင်ငံတစ်ဝန်းရေပြတ်လပ်သောရွာပေါင်း ၁၇၆၁ ရွာခန့်မှန်းထားပြီး ၃၃၅ ရွာသို့ သောက်သုံးရေများကို ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၈**

၂၀၁၆ ခုနှစ်အတွင်း အယ်နီညို ဖြစ်ပွားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေလိုအပ်သည့် မြို့နယ်များသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးဆောင်၍ အလှူရှင်များ၊ အဖွဲ့အစည်းများ ပူးပေါင်းကာ သောက်သုံးရေများကို ဧပြီ ၄ ရက်အထိ ကျေးရွာပေါင်း ၃၃၅ ရွာသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း အဆိုပါဌာန၏ စာရင်းများအရ သိရသည်။

သောက်သုံးရေများ ပို့ဆောင်လှူဒါန်းရာတွင် စစ်ဘက်၊ အရပ်ဘက်အဖွဲ့အစည်းများက ရေသယ်ယာဉ်၊ စည်ပင်ယာသာ၊ မီးသတ်ရေသယ်ယာဉ်၊ ထော်လာဂျီ၊ စက်လှေများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ကချင်ပြည်နယ်တွင် တစ်ရွာ၊ ကယားပြည်နယ်တွင် ၁၂ ရွာ၊ ကရင်ပြည်နယ်တွင် ရှစ်ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၆ ရွာ၊ ချင်းပြည်နယ်တွင် ၂၃ရွာ၊ တနင်္သာရီတိုင်းတွင် ကိုးရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ရွာ ၄၀၊ မကွေးတိုင်းဒေသကြီးတွင် ၃၇ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၁၇ ရွာ၊ မွန်ပြည်နယ်တွင် ရွာ ၃၀၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုး ရွာ၊ ရှမ်းပြည်နယ်တွင် ငါး ရွာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄ ရွာ၊ နေပြည်တော်တွင် ၁၄ ရွာ (အိမ်ခြေပေါင်း ၄၃၇၃၉ အိမ်၊ လူဦးရေ ၂၁၄၇၁၄ ဦး) တို့သို့ ရေဂါလန်ပေါင်း ၂၃၁၅၉၈၁ ဖြန့်ဖြူးပေးကြောင်း သိရ သည်။

ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးက မကွေးတိုင်းဒေသကြီးအတွင်း ရေရှားပါးသည့်ကျေးရွာသို့ ရေလှူဒါန်းပို့ဆောင်သည့်အဖွဲ့မှတစ်ဆင့် ရေဂါလန် ၈၀၀ ရေကားတစ်စီးလျှင် ငွေကျပ် ၁၇၀၀၀ အား ပေးလှူခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံသည် မိုးခေါင်သည့် ကျေးရွာပေါင်း ၈၀၀၀ ကျော်နှင့် ရေပြတ်လပ်သည့် ကျေးရွာပေါင်း ၁၇၆၁ ရွာခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဌာနဆိုင်ရာ စာရင်းများအရသိရပြီး GIS/GP မြေပုံများဖြင့် မိုဘိုင်းဖုန်းဆော့ဝဲနှင့် ကြည့်ရှုလေ့လာထုတ်ပြန်သွားရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၆ ခုနှစ် အပူချိန်မြင့်မားမှုကြောင့် ကချင်ပြည်နယ်တွင် သုံး ရွာ၊ ကယားပြည်နယ်တွင် ၁၈ ရွာ၊ ကရင်ပြည်နယ်တွင် ၃၆ ရွာ၊ ချင်းပြည်နယ်တွင် ၅၇ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၄၈ ရွာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၂ ရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၂၅ ရွာ၊ မကွေးတိုင်းဒေသကြီးတွင် ၁၃၂ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ရွာ ၁၅၀၊ မွန်ပြည်နယ်တွင် ၄၆ ရွာ၊ ရခိုင်ပြည်နယ်တွင် ၁၇၉ ရွာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရွာ ၅၀၊ ရှမ်းပြည်နယ်တွင် ၁၉၅ ရွာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄၄၆ ရွာ၊ နေပြည်တော်တွင် ၁၄ ရွာ စုစုပေါင်း ၁၇၆၁ ရွာ ရေပြတ်လပ်နိုင်ကြောင်း ကျေးလက်ဦးစီးဌာနက ခန့်မှန်းထားသည်။

**ဖိုးသန့်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း ဧပြီ ၈**

မိုးကောင်းမြို့နယ် လွဲဆွန်းကျေးရွာ နေပြည်သူများ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုနှင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ငွေစာရင်းပုံစံများ မှတ်တမ်းများ ဖြည့်သွင်းထိန်းသိမ်းထားရှိမှုတို့ကို ဧပြီ ၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလင်းနှင့်ဝန်ထမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ (ဓာတ်ပုံ)



အဆိုပါကျေးရွာ၌ အိမ်ထောင်စုအလိုက် သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း ၇၁ ဦးရှိပြီး ယင်းတို့အနက်မှ ဒေါ်မြသင်းက "ကျွန်မအနေနဲ့ ငွေကျပ်လေးသိန်းခွဲရင်းနှီးမတည်ကာ မြေပဲနှစ်ဧက စိုက်ပျိုးထားပါတယ်။ မြေပဲပေါ်ချိန် ပြန်လည်ရောင်းချရင် ငွေကျပ် ၁၀ သိန်းကျော်ခန့် ရရှိနိုင်မှာပါ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖော်ဆောင်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

(ဝ၆၂)

# ကာကွယ်တောမှ ထင်းများ ကျေးလက်နေပြည်သူများအား အခမဲ့ဖြန့်ဝေ

**မြို့သစ် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ယင်း(၃) ကာကွယ်တောအတွင်းရှိ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း ဧက (၁၀၀၀)မှမွေတာမျိုးဆက်ခြင်းဆောင်ရွက်သည့်အပင်ပူးခွာခြင်း၊ ပင်စည်မှအကိုင်းအခက်များ ရှင်းလင်းခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ထင်း ၄ ဒသမ၂၇၆၈ ကုဗတန်အား ရေပြည့်ကျေးရွာအုပ်စုနတ်ရွာကျေးရွာမှအိမ်ထောင်စု ၈၄ စုရှိ ဒေသခံကျေးလက်ပြည်သူများအား အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးအခြားလောင်စာအသုံးချရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းကြီး (၄) ရပ်ကို အကောင်အထည်ဖော်ဆောင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အယ်နီညိုကာကွယ်ရေး အသိပညာပေး

**နတ်မောက် ဧပြီ ၈**

အယ်နီညိုရာသီဥတုကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းများကို ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီက နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့မဈေးကြီးအတွင်း ဈေးရောင်း၊ ဈေးဝယ်များအား အသိပညာဗဟုသုတရရှိရေးအတွက် အယ်နီညိုရာသီဥတုကာကွယ်ရေး ဓာတ်ပုံပိုစတာများနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင်အယ်နီညိုရာသီဥတုကာကွယ်ရေးအသိပညာပေးဓာတ်ပုံပိုစတာပြသခြင်းနှင့်ဟောပြောခြင်းကို မြို့နယ်ပြန်/ဆက် စာကြည့်တိုက်မှူး ဒေါ်ဝင်းမေထွန်း(စာထောက်-၃)မှ ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး သတိပေး

**နောင်ချို ဧပြီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းလွင်ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၆ ရက် ည ၇ နာရီက မြို့ပေါ် (၆) ရပ်ကွက်အတွင်း၌ အသံချဲ့စက်ဖြင့် မီးသတိမူရေးစည်းကမ်းများ လိုက်လံသတိပေးနှိုးဆော်ခဲ့ကြသည်။

နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတ်စခန်းတွင် မီးသတ်ယာဉ်လေးစီးအသင့်ထားရှိခြင်း၊ ရေပိုက်များပြင်ဆင်ထားရှိခြင်း၊ မြို့တွင်းရပ်ကွက်တို့တွင် မီးသုံးစွဲသောစားသောက်ဆိုင်များ၊ လူနေအိမ်များကိုကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မီးဘေးကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှု သရုပ်ပြ

**အမ်း ဧပြီ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် တပ်တောင်မြို့မြို့မအားကစားကွင်း၌ မီးဘေးကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှုသရုပ်ပြပွဲကို ဧပြီ ပထမပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသရုပ်ပြပွဲအခမ်းအနားတွင် အမ်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဌေးက ပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမ်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှု ဖြစ်ပွားလာပါက အရေးပေါ်အနေဖြင့် မီးသတ်ပိုက်များနှင့် မီးငြှိမ်းသတ်ပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်မှုတို့အား သရုပ်ပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သင်္ကြန်အကြိုကာလမှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဧပြီ ၈**

လာမည့်မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလ ပြည်သူများ အန္တရာယ်ကင်းစွာ သင်္ကြန်ပွဲတော်အားနွှဲပျော်နိုင်ရေး မြို့နယ်အတွင်းမှုခင်းများမဖြစ်ပေါ်ရေး ရည်ရွယ်လျက် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ မြို့အတွင်းရပ်ကွက်များအနှံ့ မြို့ရွာအေးချမ်းတည်ငြိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးရှိစေရန် ညစဉ်လှည့်ကင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက် နံနက် ၁ နာရီက ညအချိန်မတော်အရက်သေစာ သောက်စားမူးယစ်နေသူလူငယ်များကို ထိန်းသိမ်းပညာပေးခဲ့ကြောင်း သိရသည်။

မြို့၏ အချက်အချာ အများပြည်သူအနားယူ အပန်းဖြေရာကမ်းနားလမ်းပန်းခြံအတွင်း မတ် ၅ ရက် ည ၁ နာရီက လူငယ်အုပ်စုတစ်စု အရက်သေစာသောက်စားမူးယစ်နေသဖြင့် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ ကင်းလှည့် ဆောင်ရွက်စဉ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းထိန်းသိမ်းကာ အရက်သေစာသောက်စား မူးယစ်ပြီး မလိုလားအပ်သည့် မှုခင်းပြဿနာများ မပေါ်ပေါက်စေရေး မိဘအုပ်ထိန်းသူများအားခေါ်ယူအပ်နှံပြီး နောက်နောင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ယင်းကဲ့သို့ မပြုလုပ်ကြရန်နှင့် ထပ်မံကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မျက်နှာသစ်ပြီးမှ သွားတိုက်ခြင်း၏ အကျိုးများ

ဆောင်းပါး
ကြည်လွင်မြင့်(မုဒြာ)



နံနက်ခင်းအိပ်ရာထသည်နှင့် ရေတစ်ခွက်သောက်ရမည်။ ထို့နောက် အေးသောရေဖြင့် မျက်နှာသစ်ရမည်။ မျက်နှာသစ်စဉ် မျက်လုံးအိမ်နှင့် မျက်စိကိုပါ သန့်စင်သောရေဖြင့် စင်အောင် သန့်စင်ဆေးကြောရမည်။ ထို့နောက်မှ သွားကို သွားပွတ်တံ၊ သွားတိုက်ဆေးနှင့် တိုက်ရမည်။ ဤသည်မှာ နည်းမှန်လမ်းမှန်ကျင့်စဉ် ဖြစ်သည်။

နံနက်အိပ်ရာထသည်နှင့် ပလုတ်ကျင်းပြီး သွားပွတ်တံဖြင့် သွားတိုက်သူတစ်ဦးသည် နည်းမှန်လမ်းမှန်မဟုတ်သဖြင့် မကြာမီပင် သွားနှင့်သွားဖုံးများနာခြင်း၊ ရောင်ခြင်းများ ဖြစ်လာသည်ကို တွေ့ရသည်။ ထို့အပြင် မျက်စိအမြင်မကြည်လင်ခြင်း၊ မျက်မှန်ဒီဂရီတိုးခြင်းများ ဖြစ်လာသည်ကိုလည်း တွေ့ရသည်။

ယနေ့ခေတ်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် မျက်စိမှုန်သူ၊ မျက်မှန်တပ်သူ များပြားနေခြင်းမှာ ဖုန်းမျက်နှာပြင်နှင့် တီဗွီအကြည့်များခြင်း၊ ကွန်ပျူတာအကြည့်များခြင်းတို့ကြောင့်ဟု ထင်ကြသော်လည်း မျက်နှာသစ်ခြင်းကို နည်းလမ်းမမှန်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်ကို သတိမပြုမိကြဘဲ ဖြစ်နေသည်။

ရှေးလူကြီးများ၏ ရိုးရာကျင့်စဉ်များသည် နည်းမှန်လမ်းမှန်လိုက်နာပါက ဆေးဝါးမပါဘဲ အသက်ရှည် ကျန်းမာစေနိုင်သည်။ အရေးကြီးသည့် မွေးရာပါ အခွင့်အရေးဖြစ်သည့် အမြင်ကြည်လင်ခြင်း၊ အကြားအာရုံကောင်းခြင်း၊ အရသာကို ခံစားနိုင်ခြင်း၊ အသွားအလာ အထိုင်အထတွင် လေးပင်မှုမရှိခြင်း၊ ကောင်းစွာအိပ်စက်နိုင်ခြင်းစသော ကျန်းမာခြင်းသုခနှင့် ပြည့်စုံစေမည့် နည်းလမ်းများဖြစ်သည်။

အမှုမဲ့အမှတ်မဲ့ ပြုမူခဲ့သောအမှားကြောင့် လူအများသည် ကျန်းမာရေးချို့ယွင်းလာခြင်း၊ အရွယ်မတိုင်မီ အိုမင်းခြင်း၊ သက်တမ်းစေ့မနေရဘဲ အသက်တိုလာခြင်းများဖြစ်ကြရသည်။

ကျေးလက်တောရွာများတွင် ရိုးရာကျန်းမာရေးအသိဖြင့် နေထိုင်ကြသော စာရေးသူတို့၏ ဘိုးဘေးများသည် အသက် ၇၀ ကျော်၊ ၈၀ တွင်းအထိ သွားများကောင်းနေကြဆဲ၊ မျက်စိအားကောင်းသဖြင့် အချို့အဘွားအိုများဆိုလျှင် အပ်ချည်နှင့် အပ်ပေါက်ကို ထိုးနိုင်နေကြဆဲဖြစ်သည်။ ဤသည်မှာလည်း လွန်ခဲ့သော နှစ် ၂၀ ခန့်က ဖြစ်ပါသည်။ ယခုအခါ ရှားပါးသွားပြီ။ ကျေးလက်သည် မြို့ပြနှင့်တန်းတူဖြစ်၍ ရယ်ဒီမိတ်ခေါ် အသင့်စားသောက်ဖွယ်ရာများ၊ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်များ၊ ဆိုးဆေးမကင်းသည့်အစားအစာနှင့် မုန့်မျိုးစုံများ ထိုးဖောက်ဝင်ရောက်ပြီး လျှပ်စစ်သံလိုက်လှိုင်းများနှင့်သုံးသည့် လက်ကိုင်ဖုန်းများကိုယ်စီသုံးကာ ကျေးလက်သဘာဝ ပျက်စီးသွားပြီဖြစ်သည်။

ရှေးက လွမ်းမောဖွယ်ရာ ရိုးသားသည့် ကျေးလက်သဘာဝ ပြန်မတွေ့တော့လောက်အောင် ပျောက်ကွယ်သွားရသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ လရောင်နှင့် ထန်းတောများ ပျောက်လုနီးပြီး နွားငေါက်သံနှင့် ကြက်တွန်သံများမှာလည်း ဆိတ်သုဉ်းတော့မည့် အနေအထားဖြစ်သည်။

ရှေးက ကျေးလက်တောရွာများ၌ သွားတိုက်ရာတွင် ဆားကိုလှော်ပြီး တိုက်လေ့ရှိသည်။ ဆားလှော်သည် ပါးစပ်နှင့်ခံတွင်းမှ အပုပ်နံ့ကို ပျောက်စေသည်ဟု ယူဆသည်။ သွားဖြူဖွေးချင်သူများသည် မီးသွေးခဲကို အမှုန့်ပြုလုပ်ပြီး ဆားလှော်နှင့် ဆတူရောကာ သွားတိုက်လေ့ရှိသည်။ ဘုန်းကြီးရဟန်းများမှာ တမာကိုင်း လက်သန်းလုံးလောက်ခန့်ကို လက်တစ်ညှိုးခန့်ချိုးပြီး ထိပ်ဖျားကိုဖွာအောင်ကိုက်ကာ သွားတိုက်လေ့ရှိသည်။ ဤသည်ကို တံပူဝါးသည်ဟု ခေါ်သည်။ တမာကိုင်းကို သုံးရခြင်းမှာ တမာတစ်ခက်သွားတစ်သက်ဟု ဆိုရိုးရှိခြင်းကြောင့် ဖြစ်သည်။

တဖြည်းဖြည်း ခေတ်ပြောင်းလာသောအခါ သွားတိုက်ဆေးနှင့်သွားပွတ်တံကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သည့်ခေတ်သို့ ရောက်ရှိလာသည်။ ဆားနှင့်မီးသွေးခေတ်သည်လည်း အလိုအလျောက်ကုန်သွားခဲ့ပြီး တမာရိုးဖြင့် တံပူဝါးသည့် ဓလေ့လည်း ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

စာရေးသူ၏သားငယ်သည် သူငယ်တန်းဖတ်စာအုပ်မှ သင်ခန်းစာကို အလွတ်ရွတ်ဆိုနေသည်။ "စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ အစာစား၊ ကျောင်းသွား၊ မိဘကူ၊ ရေချိုး . . . "စသည်ဖြင့် ဆိုနေသည်ကို အဘိုးဖြစ်သူ(စာရေးသူ၏ဖခင်)က ကြားပြီး "ဟဲ့ . . မှားနေတယ်၊ မျက်နှာသစ်ပြီးမှ သွားတိုက်ရမှာ . . သွားတိုက်ပြီးမှ မျက်နှာသစ်ရင် နင့်သွားတွေ ငယ်ငယ်နဲ့ ကျိုးကုန်မှာပေါ့၊ နဲ့ကုန်မှာပေါ့"ဟု ပြောဆိုနေသည်ကို ကြားဖူးသည်။ ကျောင်းသင်ခန်းစာက မှားနေသည်လား၊ သားဖြစ်သူက မှားပြီးဆိုနေသည်လား မသိပါ။

ညအိပ်ချိန်တွင် သွေးအေးသွားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်စွာ အိပ်စက်ခဲ့ခြင်းကြောင့် ကိုယ်တွင်းသက်စောင့် ဥသမ္မာတေဇောခေါ် အပူငွေ့များ အတွင်းသို့ငုပ်လျှိုးသွားပြီး နံနက်အိပ်ရာထသောအခါ ပြန်လည်နိုးကြားကာ ခန္ဓာကိုယ်၏ ဒွာရကိုးပေါက်များပါပွင့်ပြီး အခိုးအကင်းများ ပြင်ပသို့ထွက်ပြီး လန်းဆန်းသွားမည်ဖြစ်သည်။

ထိုအချိန်တွင် သွားတိုက်လိုက်ပါက အပူအခိုးအငွေ့များသည် အထက်သို့တက်ပြီး သွားဖုံးမှတစ်ဆင့် အတွင်းအာခေါင်၊ ထိုမှတစ်ဆင့် မျက်စိနှင့်ဦးခေါင်းငယ်ထိပ်အထိ တက်သွားပြီး အပူအောင်းသွားနိုင်သည်။ မျက်စိ အမြင်အာရုံရစေသည့် မျက်ကြည်လွှာနှင့် မှန်ဘီလူးသည် အာခံတွင်းမှ တက်လာသော အငွေ့ကြောင့် မှုန်ဝါးသွားစေနိုင်သည်။ အငွေ့ရိုက်ဖန်များလျှင် မျက်စိအတွင်းတိမ် ဖြစ်တတ်သည်။

ထို့အတူ သွားတိုက်လိုက်သဖြင့် သွားအခြေ၊ သွားဖုံးအတွင်းသို့ ငုပ်လျှိုးသွားသည့် အပူငွေ့ကြောင့် သွားခြေယိုင်နဲ့ခြင်း၊ သွားဖုံးကြွခြင်း၊ သွားနာခြင်းရောဂါများ ဖြစ်နိုင်သည်။

မျက်နှာသစ်ခြင်းသည် သွားအတွင်း၊ သွားဖုံးအတွင်းနှင့် ခံတွင်းမှတက်လာသော အငွေ့များကို မျက်နှာချွေးပေါက်မှတစ်ဆင့် ထွက်ပေါက်ပေးခြင်းပင် ဖြစ်သည်။ အအေးရှိရာ အပူလာသော နိယာမအရ မျက်နှာမှ အအေးဓာတ်ရှိရာသို့ အတွင်းမှအငွေ့များသည် အရေပြားအောက်မှတစ်ဆင့် မွေးညင်းပေါက်များကို ကျော်ဖြတ်ပြီး ပြင်ပသို့ (ဗဟိဒ္ဓသို့) ထွက်သွားနိုင်မည်ဖြစ်သည်။ မျက်နှာကိုအရင်သစ်ပြီးမှ သွားတိုက်ခြင်းသာ မှန်ကန်သောအလေ့အထဖြစ်သည်။

သွားများကို ဖြူဖွေးလှပလို၍ တစ်နေ့သုံးကြိမ် သွားတိုက်သည့် သူငယ်ချင်းတစ်ဦးကို ကျောင်းသားဘဝက တွေ့ဖူးသည်။ စာရေးသူ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် တက်စဉ်က အဆောင်အတူနေ သူငယ်ချင်းဖြစ်သည်။ နံနက်အိပ်ရာထသည်နှင့် သွားပွတ်တံတွင် သွားတိုက်ဆေးညှစ်ထည့်ပြီး ပါးစပ်အတွင်း ငုံထားသည်။ သွားတိုက်ဆေးက ခံတွင်းအပူငွေ့ နှင့်ပျော်ပြီး အမြှုပ်များထွက်လာသောအခါမှ သွားစတိုက်သည်။ တစ်ခါတစ်ရံ သွားပွတ်တံကို ပါးစပ်တွင်ကိုက်ထားပြီး ပင်းယဆောင်ရှေ့ရှိ ကွက်လပ်တွင် လေ့ကျင့်ခန်းသွားလုပ်နေသည်။ ပြီးမှ မျက်နှာသစ်ရေချိုးသည်။ နေ့လယ်ကျောင်းဆင်းပြီး ထမင်းစားချိန်တွင်လည်း စားပြီးသည်နှင့် ပလုတ်ကျင်း သွားတိုက်သည်။ ညအိပ်ရာဝင်ခါနီးတွင်လည်း ရေတစ်ဖလားခပ်လာပြီး အဆောင်ဝရန်တာတွင် သွားတိုက်နေသည်ကို တွေ့ရပြန်သည်။

စာရေးသူ၏သူငယ်ချင်းကို နှစ်ပေါင်း ၄၀ ကျော်ကြာပြီးမှ ပြန်တွေ့ရသောအခါ မယုံကြည်နိုင်လောက်အောင် အိုစာသွားသည်ကိုတွေ့ရသည်။ မျက်မှန်အထူကြီးနှင့် ပါးချောင်များကျနေသည်။ သူ့တွင် အံသွားများမရှိတော့သဖြင့် ပါးချောင်ကျပြီး ရုပ်ပြောင်းသွားခြင်းဖြစ်သည်။ သူ့ကို မေးကြည့်သောအခါ သူ့တွင် သွားဖုံးရောင်သောရောဂါဖြစ်ပြီးနောက် သွားများနဲ့ပြီး တစ်ချောင်းပြီးတစ်ချောင်း နုတ်ရသည်။ နောက်ဆုံးတွင် အံကပ်သွားအတုပြုလုပ်ရသည်။ ထိုအံကပ်သွားအတုဖြင့် ထမင်းစားလျှင် စားမကောင်း၊ သဘာဝသွား အစစ်လောက် စားရတာ အရသာမတွေ့သဖြင့် နောက်ဆုံးတွင် အံကပ်များကိုဖြုတ်ပစ်လိုက်ပြီး ပျော့ပျောင်းသော အစာများကိုသာ သွားဖုံးဖြင့်ဝါးစားသည်ဟု ပြောပါသည်။

"မျက်စိအဆုံး၊ နားအရှုံး" ဟု ဆိုကြသည်။ ထိုအထဲတွင် 'သွားအရှုံး'ကိုလည်း ထပ်တိုးထည့်ချင်ပါသည်။ သွားသည် သဘာဝကပေးသော အမာကြောဆုံးအရိုးဖြစ်သည်ဟု ဆိုသည်။ နတ်များဖန်ဆင်းသည့် 'နတ်သစ်မြစ်'ဟုလည်း သွားဆရာဝန်များက တင်စားပြောကြသည်။ သွားတိုက်ရာတွင် နည်းစနစ်မမှန်သောကြောင့် သွားများ အရွယ်မတိုင်မီ ပျက်စီးနိုင်သည်။ မျက်နှာသစ်ပြီးမှ သွားတိုက်ခြင်းဖြင့် သွားဖုံးများအတွင်းသို့ အပူတေဇောဓာတ်များ ရောက်ခြင်းကို ကာကွယ်နိုင်သည်။ မျက်နှာပြင်မှ အခိုးအငွေ့များထွက်သွားအောင် ရေအေးဖြင့် မျက်နှာသစ်ပြီးမှသာ သွားတိုက်သင့်ပါသည်။

မျက်စိသည်လည်း ထို့အတူပင် အရေးပါသောအရာဖြစ်သည်။ အမြင်အာရုံဖြင့် နေစဉ်သွားလာ လှုပ်ရှားကြရသည်။ ငယ်စဉ်သူငယ်တန်းကျောင်းသားဘဝမှစ၍ ဘွဲ့လွန်၊ ပါရဂူတန်းအထိ မျက်စိကိုအသုံးပြုပြီး စာဖတ်ခြင်း၊ စာရေးခြင်း ပြုလုပ်ကြရသည်။ မျက်စိအတွင်းတွင် သဘာဝကပေးထားသော မှန်ဘီလူးခုံးရှိသည်။ ထိုမှန်ဘီလူးတွင် အခိုးအငွေ့များသည် အနီးစပ်ဆုံး အာခေါင်အတွင်းမှ လာသည်။ မျက်နှာမသစ်မီ သွားတိုက်သောအခါ အာခေါင်မှအငွေ့များသည် အထက်သို့တက်၍ မျက်စိအမြင်အာရုံကို တိမ်သလ္လာများဖုံးသကဲ့သို့ ဖြစ်စေနိုင်သည်ကို သတိပြုစေလိုသည်။

အမှုမဲ့ အမှတ်မဲ့ အကျင့်များရှိလျှင် အချိန်မီပြင်ဆင်ဖို့ လိုသည်။ အကျင့်မှားကြောင့် ခန္ဓာကိုယ်ကျန်းမာရေး မထိခိုက်ဖို့ လိုအပ်သည်။ မျက်နှာသစ်ပြီးမှ သွားတိုက်ခြင်းသည် မှန်ကန်သော အကျင့်ကောင်းဖြစ်သည်။ သွားကို အလျင်တိုက်ပြီးမှ မျက်နှာသစ်ခြင်းကြောင့် သွားနှင့်သွားဖုံး၊ မျက်လုံးစသည်များ ထိခိုက်စေနိုင်ကြောင်း သတိပြုကြစေရန် ရိုးရာဆေးပညာ ရှုထောင့်မှ တင်ပြလိုက်ရပေသည်။ ။

**သားငယ်သည် သူငယ်တန်းဖတ်စာအုပ်မှ သင်ခန်းစာကို အလွတ်ရွတ်ဆိုနေသည်။ "စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ အစာစား၊ ကျောင်းသွား၊ မိဘကူ၊ ရေချိုး" စသည်ဖြင့် ဆိုနေသည်ကို အဘိုးဖြစ်သူ(စာရေးသူ၏ဖခင်)က ကြားပြီး "ဟဲ့ မှားနေတယ်၊ မျက်နှာသစ်ပြီးမှ သွားတိုက်ရမှာ၊ သွားတိုက်ပြီးမှ မျက်နှာသစ်ရင် နင့်သွားတွေ ငယ်ငယ်နဲ့ ကျိုးကုန်မှာပေါ့၊ နဲ့ကုန်မှာပေါ့"ဟု ပြောဆိုနေသည်ကို ကြားဖူးသည်။ ကျောင်းသင်ခန်းစာကမှားနေသည်လား၊ သားဖြစ်သူက မှားပြီးဆိုနေသည်လား မသိပါ**

---

## ပိုလီယိုကာကွယ်ဆေး ပြောင်းလဲအသုံးပြုခြင်း ရှင်းလင်းပွဲ စစ်ကိုင်းမြို့၌ပြုလုပ်

**စစ်ကိုင်း ဧပြီ ၈**

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရာတွင် ပိုလီယိုရောဂါပိုး သုံးမျိုးကာကွယ်ဆေး tOPV မှ ပိုလီယိုရောဂါပိုး နှစ်မျိုးကာကွယ်ဆေး bOPV သို့ ပြောင်းလဲအသုံးပြုခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဧပြီ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်အေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသက်နိုင်အောင်က ပိုလီယိုကာကွယ်ဆေး tOPV မှ bOPV သို့ ပြောင်းလဲအသုံးပြုရခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားကာ မေလဆန်းပိုင်းမှစ၍ ပိုလီယိုရောဂါပိုးနှစ်မျိုးကာကွယ်ဆေး bOPV ကို ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးဦးစီးဌာနနှင့်အတူ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**ဇော်မြင့်နိုင်**

## သတင်းတိုများ

### စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲ ကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်းမှကြီးမှူး၍ ဆရာဝန်များအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်အဖြစ် Special Talk on Heat Disorders နှင့် Eye/Ear Injuries အကြောင်း ဟောပြောပွဲကို အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဧပြီ ၉ရက်တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ၊ Heat Disorders အကြောင်းကို ပါမောက္ခဒေါ်မာမာကြည်နှင့် ဒေါက်တာသန်းထွဋ်တို့ကလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ၊ Eye/Ear Injuries အကြောင်းကို ပါမောက္ခ ခင်လှလှနှင့် ဒေါက်တာခင်ခင်ဝင်းတို့ကလည်းကောင်း ဟောပြောမည်ဖြစ်၍ ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။

**အောင်မြင့်**

### အိမ်မဲမြို့၌ သီးထပ်ရင်မျိုးစပါး စံကွက်ရိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မဲဇလီစာဖြူစု ကျေးရွာအုပ်စုရှိ တောင်သူပညာပေး သီးထပ်ရင်စပါးမျိုး စံပြစိုက်ကွက် ရိတ်သိမ်းပွဲကို ဧပြီ ၆ ရက်က ပြုလုပ်ခဲ့ပြီး အဆိုပါစံကွက်မှ စပါးအစို တစ်ဧက ၁၃၅ ဒသမ ၁၃ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အေး၊ အိမ်မဲမြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများ လာရောက်ကြည့်ရှုခဲ့သည်။ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးနည်းစနစ်ကောင်းများ ပညာပေးခြင်း၊ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဖလမ်း၌ သောက်သုံးရေများလှူဒါန်း

အပူချိန်မြင့်မားသည့် နွေရာသီကာလတွင် ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗလိုင်ရပ်ကွက်မှ ပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် သောက်သုံးရေများကို ဧပြီ ၅ ရက်က ဖလမ်းမြို့နယ် လမ်းဦးစီးဌာန(မြို့ပြ) မှ ဦးစီးအရာရှိ ဒေါ်ဆွိုးငွန်တီးလ်က ဆောက်လုပ်ရေးမှကားများဖြင့် ပြည်သူများထံ အိမ်တိုင်ရာရောက် သောက်သုံးရေများဖြန့်ဝေ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

၂၀၁၆ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျ၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားပြီး အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူး၏သဝဏ်လွှာကို တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်က ဖတ်ကြားခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## တောင်ငူမြို့မဈေး မီးဘေးကာကွယ်ရေးလေ့ကျင့်

**တောင်ငူ ဧပြီ ၈**

ဧပြီ ၇ ရက်က တောင်ငူမြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခဲ့ရာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးအုန်းဖေ၊ ဒုရဲမှူး စောသန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးဝင်း၊ အင်ဂျင်နီယာမှူး ဦးဆန်းလင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်နိုင်ထွန်း၊ မီးသတ်ယာဉ်ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**



## ဧရာဝတီတံတား(မကွေး) လူသွားလမ်းဘေးရှိ ကျောက်ပြားများ လဲလှယ်ပြီးစီး

**မကွေး ဧပြီ ၈**

ဧရာဝတီတံတား(မကွေး) ယာဉ်သွားလမ်းနှင့် လူသွားလမ်းကြားရှိ ကွန်ကရစ်ကြမ်းခင်းပြား ၃၁၈၀ ချပ်ကို တံတားအသုံးပြုသူပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ လမ်းဦးစီးဌာနက အသစ်လဲလှယ်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လမ်းဦးစီးဌာနနှင့် ကောင်းမွန်(မကွေး)ဆောက်လုပ်ရေးကုမ္ပဏီတို့ ညှိနှိုင်း၍ ကျောက်ပြားများကို ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ အသစ်လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က တစ်လက်မခွဲထုရှိ ကျောက်ပြားများနေရာတွင် အလျား ၃၃ လက်မ၊ အနံ ၁၉ လက်မ၊ ထု ၂ လက်မခွဲရှိ ကွန်ကရစ်ကြမ်းခင်း ကျောက်ပြားများကို ကျပ်သိန်း ၂၅၀ ခန့် အကုန်ကျခံ၍ လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီဒါရိုက်တာ ဦးသန်းအောင်က ပြောသည်။



ဧရာဝတီတံတားပေါ်၌ နေ့စဉ် နံနက်တိုင်း လမ်းလျှောက်အားကစားပြုလုပ်သူ ဒေသခံတစ်ဦးက “ ကြမ်းခင်းပြားတွေက လူသွားစင်္ကြံရဲ့ဘေးမှာ ကပ်နေတာ။ အားကစားလုပ်တဲ့သူတွေ၊ ရှုခင်းအလှခံစားတဲ့သူတွေ အများစု အမြဲအသုံးပြုနေတဲ့နေရာဆိုတော့ တစ်ချပ်ပေါက်မှ တစ်ချပ်လဲမယ့်အစား အရည်အသွေးမမီတော့တဲ့ ကျောက်ပြားတွေ ခုလိုလဲပစ်လိုက်တာ အကောင်းဆုံးပဲ။ ကုမ္ပဏီကလုပ်တာပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာကလုပ်တာပဲဖြစ်ဖြစ် ပြည်သူတွေ အန္တရာယ်ကင်းအောင်လုပ်ပေးတာကို ကြိုဆိုရမှာပေါ့” ဟု ပြောသည်။

ဧရာဝတီတံတား(မကွေး)သည် မကွေး-မင်းဘူး-ပွင့်ဖြူ လမ်းပေါ်တွင်ရှိပြီး ဧရာဝတီမြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းမြို့တော်နှစ်ခုကို ဆက်သွယ်ပေးထားသဖြင့် ယာဉ်အသွားအလာများပြားကာ နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင်လည်း တံတားလူသွားလမ်းတွင် ဧရာဝတီမြစ်ရှုခင်းအလှကို ကြည့်ရှုခံစားသူများနှင့် စည်ကားနေတတ်ကြောင်း သိရသည်။ ဧရာဝတီတံတား(မကွေး)ကို ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီက BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ဇေယျာတု(မကွေး)**

## လူထုဗဟိုပြုစီမံကိန်းထောက်ပံ့မှုဖြင့် ကျွန်းစုမြို့နယ်၌ ကျောက်စီရေကာနံရံ တည်ဆောက်

**မြိတ် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထော်ကျေးရွာ၌ နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည့် ကျောက်စီရေကာနံရံကို ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုငွေဖြင့် တတိယနှစ် လူထုဗဟိုပြုစီမံကိန်းအရ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောက်စီ ရေကာနံရံသည် အရှည် ၇၈၂ ပေ၊ အမြင့် ကိုးပေ၊ အနံ လေးပေခွဲရှိမည်ဖြစ်ပြီး မြေထိန်းနံရံနှင့် ရေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို တတိယနှစ် လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၃၆၈ သိန်းကျော်နှင့် လမ်းအဖြစ်အသုံးပြုနိုင်ရန် သဲဖြည့်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၉၄ သိန်းကျော်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း ဝါဆို/ဝါခေါင်လများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်၍ မြေပြိုခြင်းများဖြစ်ပွားလျက်ရှိရာ ယခု မြေထိန်းနံရံနှင့် ရေကာနံရံကျောက်စီခြင်းလုပ်ငန်းနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ရေကြီးရေလျှံမှုဘေးမှ ကင်းဝေးမည်ဖြစ်၍ ပြည်သူများအတွက် များစွာအဆင်ပြေမည်ဖြစ်ကြောင်း ပထော်ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆိုင်းက ပြောသည်။

အဆိုပါ ရေကာနံရံတည်ဆောက်မှုလုပ်ငန်းများကို မတ် ၁၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဧပြီ ၇ ရက်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျွန်းစုမြို့နယ်အတွင်း၌ လူထုဗဟိုပြုစီမံကိန်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမနှစ်စီမံကိန်းကာလ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒုတိယနှစ် စီမံကိန်းကာလ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယနှစ်စီမံကိန်းကာလနှင့် ၂၀၁၆ -၂၀၁၇ ခုနှစ်တွင် စတုတ္ထနှစ်စီမံကိန်းကာလဟု သတ်မှတ်ထားပြီး လေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းအရ ပထော်ကျေးရွာ



ကျောက်စီရေကာနံရံ ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်

ကျောက်စီရေကာနံရံလုပ်ငန်းအပြင် မစမ်းပါး ကျေးရွာတွင် အရှည် ၁၅၀၀ ပေ၊ အကျယ် ခုနစ်ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ငွေကျပ် ၁၅၁ သိန်းကျော်ဖြင့်လည်းကောင်း၊ အရှည် ၁၅၀၀ ပေ ရေပိုက်သွယ်တန်းခြင်းကို ငွေကျပ် ၇၁ သိန်းကျော်ဖြင့်လည်းကောင်း၊ မအိုင်ကျေးရွာတွင် အလျားပေ ၆၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်စာသင်ကျောင်းဆောင်သစ်ကို ငွေကျပ် ၂၂၉ သိန်းကျော်ဖြင့်လည်းကောင်း၊ လင်မလိုင်ယ်ကျေးရွာတွင် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ တစ်ထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်းကို ငွေကျပ် ၂၄၂ သိန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**မြင့်ဦး(မြိတ်)**

## အကျဉ်းထောင်နှင့် အချုပ်ခန်းများသို့ ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ရဲအချုပ်ခန်းနှင့် အကျဉ်းထောင်များမှ အချုပ်သား၊ အကျဉ်းသားများအနေဖြင့် ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနေခြင်းရှိ မရှိကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့က ဧပြီ ၄ ရက်တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

တရားလွှတ်တော် တရားသူကြီးအား ဖျာပုံအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးအေးသန်းက အကျဉ်းထောင်အတွင်း စီမံဆောင်ရွက်ထားမှု၊ အကျဉ်းထောင် လုံခြုံရေးစီမံထားမှု၊ စားဖိုဆောင်၊ ဆေးပေးခန်းစီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တရားလွှတ်တော် တရားသူကြီးက အကျဉ်းသား၊ အချုပ်သားများနှင့် တွေ့ဆုံကာ ဥပဒေပါအခွင့်အရေးများရရှိခြင်းရှိ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှုအခြေအနေနှင့် အမျိုးသမီးအကျဉ်းသူများအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုခဲ့သည်။ ထို့နောက် တရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ် မြို့မရဲစခန်းများမှ အချုပ်ခန်းများသို့လည်း ဆက်လက်သွားရောက်၍ စစ်ဆေးခဲ့သည်။

**သူဇာနွယ်(ဖျာပုံ)**

# အယ်နီညို အပူဒဏ်ကြောင့် သင်္ကြန်ကာလ ရေကစားချိန်လျှော့ချမည်



**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာမြို့ ကျီတော်ကုန်း ရပ်ကွက်၌ ယခုနှစ် သင်္ကြန်ပွဲတော်တွင် အစဉ်အလာမပျက် ရေကစားမဏ္ဍပ်ဆောက်လုပ်၍ ရေကစားမည်ဖြစ်သော်လည်း အယ်နီညိုရာသီဥတုအပူဒဏ်ကြောင့် ရေကစားချိန်ကို လျှော့ချပေးသွားမည် ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

"ဒီနှစ် မဟာသင်္ကြန်ကာလမှာ အစဉ်အလာမပျက် ရေကစားနိုင်ဖို့ ရေကစားမဏ္ဍပ်ဆောက်နေပြီဖြစ်ပါတယ်။ ရပ်ကွက်အတွင်းက ဒေသခံပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ မဟာသင်္ကြန်ကာလ ရေကစားဖို့အတွက် ရေကစားမဏ္ဍပ်ဆောက်လုပ် ရေကစားပေမယ့် ဒီနှစ်တော့ အယ်နီညိုအပူဒဏ်ကြောင့် ရေကစားချိန်ကို လျှော့ချကစားသွားစေမှာဖြစ်ပါတယ်။ ပုံမှန်နှစ်တွေမှာတော့ ရေကစားချိန်ကို မနက် ၈ နာရီကနေ နေ့လယ် ၁၂ နာရီ တစ်ကြိမ်၊ နေ့လယ် ၂ နာရီကနေ ညနေ ၆ နာရီ တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် ရေကစားချိန် သတ်မှတ်ထားတယ်။ ဒီနှစ်တော့ မနက် ၉ နာရီကနေ နေ့လယ် ၁၂ နာရီတစ်ကြိမ်နဲ့ ညနေ ၃ နာရီကနေ ညနေ ၆ နာရီအထိ တစ်ကြိမ် ရေကစားစေမှာဖြစ်ပါတယ်။ တစ်နေ့ကို ရေကစားချိန် ၂ နာရီလောက် လျှော့ချပြီး ရေကစားစေမှာပါ"ဟု ဦးခင်မောင်ထွေးက ပြောသည်။

မိတ္ထီလာမြို့၌ နှစ်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ၌ ရပ်ကွက်ကျေးရွာများအနှံ့ ရေကစားမဏ္ဍပ်များဆောက်လုပ်ကာ ရေသဘင်ပွဲတော်ကို ဒေသခံပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသကဲ့သို့ ယခုနှစ်မဟာသင်္ကြန်ကာလတွင်လည်း ပျော်ရွှင်စွာ ရေကစားကြရန်အတွက် ရတနာမာရ်အောင်၊ ကျီတော်ကုန်း၊ ဝမ်းတော်ပြည့်တိုးချဲ့နှင့် Relax ရေကစားမဏ္ဍပ်များကို ပြင်ဆင်ဆောက်လုပ်နေကြပြီဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ပြီး လူကုန်ကူးမှုအကြောင်း ပညာပေးဟောပြော

**မလှိုင် ဧပြီ ၈**

လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် စာဖတ်ခြင်းအလေ့အထ ရရှိစေရန်အတွက် မိုဘိုင်းစာကြည့်တိုက်ကို မလှိုင်မြို့နယ်၊ ကူကြီးကျေးရွာ၊ ရွာလယ်ဓမ္မာရုံ၌ ဧပြီ ၆ ရက်က ကွင်းဆင်းဖွင့်လှစ်ခဲ့ပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် လူကုန်ကူးမှုအကြောင်းများကိုလည်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က လူငယ်များအနေဖြင့် အသိပညာဗဟုသုတများကို စာအုပ်စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ကျောင်းစာအပြင် ဗဟုသုတဖြစ်စေမည့်စာအုပ်စာပေများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် နယ်လှည့် မိုဘိုင်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်း ပညာပေးဟောပြောခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများမှ စာကြည့်တိုက် အသင်းဝင်လိုသူများကို အသင်းဝင်ကတ်များ အခမဲ့ ပြုလုပ်ပေးပြီး သုတ၊ ရသ၊ မဂ္ဂဇင်း စာအုပ်များကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**



# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်ပေါင်း ၂၅၆၈၀ ကို ပျိုးထောင်ထား

**ယင်းမာပင် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးရာသီအစတွင် ပြုလုပ်မည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးနိုင်ရန်နှင့် တစ်ရွာတစ်ဧက ထင်းစိုက်ခင်းများ ပြုစုပျိုးထောင်ဖြန့်ဝေပေးရန်အတွက် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ၂၅၆၈၀ ကို ပျိုးဥယျာဉ်သုံးခု၌ ပျိုးထောင်ထားလျက်ရှိကြောင်း သိရသည်။



ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးခင်မောင်မျိုးက "ပျိုးပင်တွေကို ယင်းမာပင်မြို့မပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၁၀၀၀၀၊ ကွေ့ချောင်းပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၁၀၀၀၀နှင့် ကျောက်မော်ကျေးရွာတို့တွင် ပျိုးပင်ပေါင်း ၅၆၈၀ စုစုပေါင်း မြို့နယ်လုံးကျွတ်အနေနဲ့ ပျိုးပင်ပေါင်း ၂၅၆၈၀ ကို ပျိုးထောင်ထားရှိပါတယ်"ဟု ပြောသည်။ ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးထောင်ထားသည့် ပျိုးပင်များမှာ ကျွန်း၊ ယူကလစ်၊ တမာ၊ အော်ရီးရှား၊ မန်ကျည်း၊ မယ်ဇယ်နှင့် လျှော်ဖြူပင်များဖြစ်ပြီး အဆိုပါ ပျိုးပင်များကို မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော လမ်းမများ၏ လမ်းဘေးဝဲ/ယာတွင်လည်းကောင်း၊ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများတွင်လည်းကောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံချက်ပါကျေးရွာများတွင် တစ်ရွာတစ်ဧက ထင်းစိုက်ခင်းများ တည်ထောင်ခြင်းကိုလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးဧက တစ်သိန်းသုံးသောင်းကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဧပြီ ၈**

ယခုနှစ် နွေစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နွေစပါး ၃၇၂၇၄ ဧကကို စိုက်ပျိုးရန် လျာထားသည့်အနက် ယခုအချိန်အထိ ၁၃၆၈၅၂ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်နွေစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ် မိုးရာသီက ရေကြီးရေလျှံမှုတွေဖြစ်ပွားတဲ့အတွက် မိုးစပါးစိုက်ပျိုးချိန် နောက်ကျပြီး နွေစပါးစိုက်ပျိုးချိန်လည်း နောက်ကျတဲ့အတွက် သက်တမ်းတိုတဲ့နွေစပါးတွေ စိုက်ပျိုးကြတယ်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနရယ်၊ ဆည်မြောင်း၊ မြေစာရင်း၊ စက်မှုလယ်ယာ ညှိနှိုင်းပြီး စိုက်ပျိုးရေးအတွက် ဆည်ရေကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်ကတည်းက စတင်လွှတ်ပြီး နွေစပါးကိုစပြီးစိုက်ကြတယ်၊ ဆက်ပြီးလည်းစိုက်ကြတုန်းပါပဲ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်း လက်ရှိအချိန်အထိ ခရိုင်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ ရွှေဘိုခရိုင်တွင် ၇၄၇၉၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၀၅၀၇ ဧက၊ မုံရွာခရိုင်တွင် ၂၅၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၂၇၇ ဧက၊ ကသာခရိုင်တွင် ၂၅၀၀၄ ဧက၊ ကလေးခရိုင်တွင် ၃၃၂၆ ဧက၊ မော်လိုက်ခရိုင်တွင် ၁၀၉၂၀ ဧက၊ တမူးခရိုင်တွင် ၃၃ ဧကနှင့် ခန္တီးခရိုင်တွင် ၁၀၇၃၆ ဧက ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ရေပြတ်လပ်နေသော ရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေး

**တန့်ယန်း ဧပြီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ပေါ် အမှတ်(၆)ရပ်ကွက်တွင် ရေရှားပါးပြတ်လပ်လာသဖြင့် အဆိုပါရပ်ကွက်မှ ပြည်သူများအတွက် သောက်သုံးရေများကို မီးသတ်ဦးစီးဌာနက ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်နှင့် ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ဧပြီ ၆ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တန့်ယန်းမြို့ ရပ်ကွက်အချို့၌ ယခုရက်ပိုင်းတွင် ရေတွင်းရေကန်များ ခန်းခြောက်ကာ သောက်သုံးရေပြတ်လပ်မှုများ ဖြစ်လာသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

**ဘားအံ ဧပြီ ၈**

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပိုလီယိုရောဂါကာကွယ်ဆေး tOPVမှ bOVPသို့ ပြောင်းလဲအသုံးပြုခြင်းနှင့်ပတ်သက် ၍ အသိပညာပေးဆွေးနွေးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဧပြီ ၇ ရက်က ကျင်းပခဲ့သည်။

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ကလေးငယ်များပိုလီယိုရောဂါကြောင့် မသန်မစွမ်းမဖြစ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းသည် အဓိကကျကြောင်း၊ ယခုအခါ အခြားနိုင်ငံများနည်းတူ ပိုလီယိုရောဂါသုံးမျိုးကာကွယ်ဆေး tOPV ကို ဖျက်သိမ်းပြီး ရောဂါနှစ်မျိုးကာကွယ်ဆေး bOPVကို တိုက်ကျွေးတော့မည်ဖြစ်ကြောင်း၊ ပိုလီယို ကာကွယ်ဆေး သောက်ဆေးနှင့် ထိုးဆေးတို့ကို တစ်နှစ်အောက်ကလေးငယ်တိုင်းရရှိပြီး တစ်ကမ္ဘာလုံး ပိုလီယိုရောဂါကင်းစင်စေရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၆ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက ဖတ်ကြားပြီး ပိုလီယိုရောဂါကာကွယ်ဆေး tOPVမှ bOVP သို့ ပြောင်းလဲအသုံးပြုခြင်းနှင့်ပတ်သက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာကျော်စွာမြင့်က အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်သူများက အသက် ၄၀ နှင့်အထက် ရှိသူများ၊ ဆီးချိုသွေးချိုရောဂါရှိနိုင်သူများအား ကျန်းမာရေးဝန်ထမ်းများက အခမဲ့ကျန်းမာရေးစစ်ဆေးပေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တိုက်စစ်အပြိုင်ဖွင့်မယ့် အေစီမီလန်နဲ့ ဂျူဗင်တပ်တို့ရဲ့ အားပြိုင်ပွဲ

မိုးမြင့်လင်းလက်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဥရောပပြည်တွင်းပွဲစဉ်တွေ မြိုင်မြိုင်ဆိုင်ဆိုင် ပြန်ကစားနေတာမို့ ပွဲကောင်းတွေ ပြည့်နှက်နေပါတယ်။ အီတလီမြေက စီးရီးအေပွဲစဉ်(၃၂)ကို ကစားဖို့ရှိနေတာမို့ အေစီမီလန်နှင့် ဂျူဗင်တပ်တို့ပွဲက ပရိသတ်အကြိုက်ပွဲအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။ အင်တာမီလန်တို့ကတော့ အဝေးကွင်းမှာ ဖရိုစီနိုနီနဲ့ကစားရမှာမို့ ရမှတ်အပြည့်စုဆောင်းနိုင်မယ့် အခွင့်အရေး ပိုင်ဆိုင်သွားနိုင်ဖို့ ရာနှုန်းများနေတာတော့ အမှန်ပါပဲ။




**အေစီမီလန်နှင့်ဂျူဗင်တပ်**

တန်းစီဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ ဂျူဗင်တပ်တို့က ဒုတိယနေရာက နာပိုလီရဲ့ ဖိအားပေးမှုနဲ့ဝေးအောင် သုံးမှတ်အပြည့်ရရှိရေး လိုအပ်နေပြီဖြစ်ပါတယ်။ ဒီနှစ်စီးရီးအေမှာ အိမ်ကွင်း ၁၅ ပွဲကစားခဲ့ရာမှာ နှစ်ပွဲသာရှုံးထားတဲ့ အေစီမီလန်ဟာ ဒီပွဲမှာ ဂျူဗင်တပ်ကို အကောင်းဆုံးပြင်ဆင်မှုနဲ့ ရင်ဆိုင်ပါလိမ့်မယ်။ ဂျူဗင်တပ်တို့ကတော့ ဒီနှစ်အဝေးကွင်း ၁၅ ပွဲကစားပြီးချိန်အထိ သုံးပွဲရှုံးထားတာမို့ အခုပွဲဟာ အမှတ်ဆုံးရှုံးမှုမရှိအောင် အားထုတ်ပါလိမ့်မယ်။ အေစီမီလန်ရဲ့အားသာချက်က တိုက်စစ်မှူးတွေက ဂိုးရရှိရေး စိတ်ဓာတ်ပြင်းထန်တာဖြစ်ပြီး ခံစစ်ပိုင်းကတော့ လျော့ရဲမှုရှိနေပါတယ်။ ဂျူဗင်တပ်တို့က အဝေးကွင်းမှာ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်က ထက်မြက်ပြီး ခံစစ်ကိုလည်း လုံခြုံအောင် စောင့်ထိန်းနိုင်တာမို့ အိမ်ကွင်းဆိုပေမယ့် အေစီမီလန်တို့ သိပ်တော့မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် ဂျူဗင်တပ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတဲ့အပြင် စီးရီးအေသမိုင်းမှာ စုစုပေါင်းတွေ့ဆုံခဲ့မှုရလဒ်ပိုင်းတွေကိုကြည့်ရင်လည်း အေစီမီလန်က ပွဲ ၅၀ နိုင်ပြီး ဂျူဗင်တပ်က ၆၅ ပွဲနိုင်ကာ သရေ ၅၈ ပွဲဖြစ်ထားပါတယ်။ လက်ရှိအနေအထားမှာ စီးရီးအေဖလား ရယူရေးအတွက် အတိမ်းအစောင်း အမှားအယွင်းမခံတဲ့ ဂျူဗင်တပ်တို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားမယ့်ပွဲပါပဲ။

**ဖရိုစီနိုနီနှင့်အင်တာမီလန်**

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဖရိုစီနိုနီတို့အတွက်တော့ အင်တာမီလန်နဲ့တွေ့ဆုံမှုက အမှတ်မျှော်လင့်ချက်ထားလို့မရနိုင်တဲ့ပွဲပါပဲ။ ပထမအကျော့ပွဲစဉ်မှာ အင်တာမီလန်တို့က လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့တာမို့ အခုပွဲကလည်း အဝေးကွင်းဆိုပေမယ့် အင်တာမီလန်တို့ အသာစီးနဲ့ ဖိအားပေးကစားသွားပါလိမ့်မယ်။ ဒါပေမယ့် အင်တာမီလန်ရဲ့အားနည်းချက်က အဝေးကွင်းမှာ ရလဒ်တွေ ဆိုးရွားနေတာဖြစ်ပြီး ဒီနှစ်စီးရီးအေမှာ အဝေးကွင်း ၁၅ ပွဲကစားခဲ့ရာမှာ ခြောက်ပွဲသာအနိုင်ရရှိထားသလို သရေပွဲငါးပွဲ ဖြစ်ခဲ့တဲ့အပြင် လေးပွဲရှုံးထားပါတယ်။ အခုပွဲမှာ အိမ်ကွင်း ခြေစွမ်းကောင်းပြသနိုင်တဲ့ ဖရိုစီနိုနီတို့က အင်တာမီလန်တို့ကို ခံစစ်ပိုင်း အားနည်းချက်ရှိနေတာမို့ အင်တာမီလန်တိုက်စစ်ကို ခက်ခက်ခဲခဲဟန့်တားထိန်းချုပ်ရင်းနဲ့ အမှတ်တွေဆုံးရှုံးရမယ့်အခြေအနေ ဆိုက်သွားပါလိမ့်မယ်။

**ချီယေဗိုနှင့်ကာပီ**

တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ ကာပီတို့အတွက်တော့ အဝေးကွင်းဆိုပေမယ့် ဒီပွဲကို အမှတ်ရအောင် ကစားမှဖြစ်မယ့်အနေအထားပါပဲ။ ချီယေဗိုတို့က ခံစစ်ပိုင်းမှာ အမှားအယွင်းကင်းအောင်ကြိုးစားနိုင်တာမို့ ကာပီတို့ ဒီပွဲမှာ ခက်ခဲနိုင်ပါတယ်။ ပထမအကျော့ ကာပီကွင်းမှာ ချီယေဗိုတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲ အိမ်ကွင်းလည်းဖြစ်တာကြောင့် ချီယေဗိုရဲ့ပွဲပဲဖြစ်ဦးမှာပါ။

**ဆက်ဆူအိုလိုနှင့်ဂျီနိုအာ**

ပထမအကျော့မှာ ဂျီနိုအာတို့က နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပေမယ့် ဒီနှစ်သင်းက ခြေစွမ်းပိုင်းတူညီနေပါတယ်။ ဂျီနိုအာတို့က အဝေးကွင်းမှာ ရလဒ်မကောင်းတဲ့အပြင် တိုက်စစ်ရော၊ ခံစစ်မှူးတွေပါ စွမ်းရည်ကျဆင်းတတ်တာမို့ အခုပွဲမှာ အခြေအနေမကောင်းနိုင်ပါဘူး။ ဆက်ဆူအိုလိုရဲ့အားသာချက်က အိမ်ကွင်းမှာ တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်စွမ်းမြင့်မားတာဖြစ်ပြီး နိုင်ပွဲရအောင်စွမ်းဆောင်နိုင်တာမို့ အခုပွဲမှာ အိမ်ရှင်တို့ အနိမ့်ဆုံး တစ်မှတ်ယူမယ့်ပွဲပါ။ ။

# ၅၃ နှစ်အတွင်း ချန်ပီယံဖြစ်ဖို့နီးလာတဲ့ လက်စတာ




လက်စတာအသင်းဟာ လက်ရှိပရီမီယာလိဂ်ဇယားထိပ်မှာ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ လက်စတာအသင်းရဲ့ ခြေစွမ်းဟာ ဒီနှစ်ထဲမှာတော့ အကောင်းဆုံးခြေစွမ်းလို့ဆိုပါတယ်။ ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပြီးတဲ့နောက် ပရီမီယာလိဂ်မှာ ခုနစ်မှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ ဒီနှစ်ထဲမှာ ဖလားရဖို့ အတော်လေး နီးကပ်သွားပြီဖြစ်ပါတယ်။ စပါး၊ မန်စီးတီး၊ အာဆင်နယ်တို့ အနီးကပ်ခြိမ်းခြောက်ဖို့ ကြိုးစားခဲ့ပေမယ့် အခွင့်အရေးမရခဲ့ပါဘူး။ လက်စတာအသင်းကသာ ပုံမှန်အနိုင်ပွဲတွေ ဆက်နေခဲ့တာပါ။ လက်စတာအသင်းဟာ နှစ်စကတည်းက ပုံမှန်အနိုင်ရနေတာပါ။ ပရီမီယာလိဂ်ပွဲကုန်ဆုံးဖို့ ခြောက်ပွဲသာ လိုပါတော့တယ်။ လက်စတာက ခုနစ်မှတ်အသာနဲ့ ဦးဆောင်လာပြီဖြစ်ပါတယ်။ လာမယ့် ပြိုင်ပွဲတွေမှာလည်း နိုင်ပွဲတွေ ထပ်မံ ရရှိလာနိုင်တဲ့အတွက် လက်စတာအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ သေချာနေပြီဖြစ်ပါတယ်။




# ဝက်စ်ဘရွန်း နောက်တန်းလူကို ဆွမ်ဆီးခေါ်ယူမည်

ဆွမ်ဆီးအသင်းက ဝက်စ်ဘရွန်းနောက်တန်းကစားသမား ဂျိမ်းစ်ချက်စတာကို ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ ဝေလကစားသမား ဂျိမ်းစ်ချက်စတာဟာ ဒီနှစ်ထဲမှာ ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရသေးပါတယ်။ ဆွမ်ဆီးအသင်းက နောက်တန်းလူ ချက်စတာကို ပေါင်ငါးသန်းနဲ့ ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ နောက်တန်းလူ ချက်စတာဟာ နွေရာသီက ဟားလ်စီးတီးက ဝက်စ်ဘရွန်းသို့ ပြောင်းရွှေ့လာခဲ့တာပါ။ ဆွမ်ဆီးအသင်းက ဇန်နဝါရီကတည်းက ခေါ်ယူဖို့ကြိုးစားခဲ့တာပါ။ ချက်စတာဟာ ဝက်စ်ဘရွန်းအသင်းကိုရောက်ပြီး သိသိသာသာခြေစွမ်းပြကစားလာခဲ့ပြီးနောက် ဆွမ်ဆီးကခေါ်ယူဖို့ကြိုးစားမှုဟာ အောင်မြင်မှုမရခဲ့ပါဘူး။ ဝက်စ်ဘရွန်းက ပေါင်ရှစ်သန်းအထိ တောင်းဆိုနေတဲ့အတွက် စာချုပ်ဟာ မအောင်မြင်ခဲ့ပါဘူး။ ရာသီအကုန်မှာတော့ ဆွမ်ဆီးက အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။

# ချယ်လ်ဆီးကခေါ်ယူနိုင်တဲ့ ဗစ်ဒဲလ်



ချယ်လ်ဆီးအသင်းက အီတလီနည်းပြ ကွန်တီကို စာချုပ်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား အတူရိုဗစ်ဒဲလ်ကိုခေါ်ယူ သွားဖွယ်ရှိနေပါတယ်။ နည်းပြသစ်ဖြစ်လာမယ့် ကွန်တီအနေနဲ့ ကွင်းလယ်ကစားသမား ဗစ်ဒဲလ်ကိုခေါ်ယူသွားဖို့ ဆန္ဒပြင်းပြနေတယ်လို့ဆိုပါတယ်။ နည်းပြကွန်တီနဲ့ ဗစ်ဒဲလ်တို့ဟာ အီတလီစီးရီးအေမှာ ဂျူဗင်တပ်စ်အတွက် အတူအလုပ်လုပ်ခဲ့ကြသူတွေပါ။ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဗစ်ဒဲလ်ကို ဆက်လက်ခေါ်ယူထားဖို့ အစီအစဉ်ရှိသော်လည်း ဗစ်ဒဲလ်နဲ့ကွန်တီတို့ ပြန်ပေါင်းထုတ်ဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ အသက် ၂၈ နှစ်အရွယ်သာရှိသေးတဲ့ ကွင်းလယ်ကစားသမား ဗစ်ဒဲလ်ဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်နေပါတယ်။ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ ဘင်ဖီကာအသင်းကို ဘိုင်ယန်မြူးနစ်က အနိုင်ရရှိတဲ့ပွဲမှာ ဗစ်ဒဲလ်က ဂိုးသွင်းယူခဲ့ပါတယ်။ ဗစ်ဒဲလ်ဟာ တစ်ပွဲကို တစ်ဂိုးနှုန်း သွင်းယူနိုင်စွမ်းရှိတဲ့ ကစားသမားဖြစ်ပြီး တိုက်စစ်ရော ခံစစ်ပါ အကောင်းဆုံး ကစားနိုင်သူဖြစ်ပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

# ဆမ်ဆောင်းထုတ်ကုန်များ အွန်လိုင်းစတိုးမှ စတင်ရောင်းချ

**ရန်ကုန် မေ ၈**

ဆမ်ဆောင်းမှ ပြည်တွင်းဈေးကွက်သို့ တရားဝင် တင်သွင်းဖြန့်ချိရောင်းချနေသော စမတ်ဖုန်းများ၊ တက်ဘလက်များနှင့် မိုဘိုင်းဖုန်းဆိုင်ရာ ဆက်စပ်ပစ္စည်းများကို ရောင်းချသည့်နည်းလမ်းတစ်ခုအနေဖြင့် ဆမ်ဆောင်းအွန်လိုင်းစတိုးကို ဆမ်ဆောင်း၏ တရားဝင်ဖြန့်ချိသူများက မေ ၄ ရက်က စတင်မိတ်ဆက်ထားပြီဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က "အခုလိုအီလက်ထရွန်နစ်ဆိုင်ရာ ကုန်သွယ်ရေးဝက်ဘ်ဆိုက်ကို စတင်မိတ်ဆက်ပေးနိုင်တဲ့အတွက် ဖြန့်ချိသူတွေကို ဂုဏ်ယူဝမ်းသာကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံက သုံးစွဲသူတွေကိုလည်း ဆမ်ဆောင်းရဲ့ တရားဝင် ထုတ်ကုန်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲဖို့ နောက်ထပ်ရွေးချယ်မှုတစ်ခု ပေးလိုက်သလိုပါပဲ။ ဖြန့်ချိသူတွေ အစပြုလိုက်တဲ့ ကနဦးခြေလှမ်းနဲ့ အတူသုံးစွဲသူတွေကို လွယ်ကူလျင်မြန်ပြီး အဆင်ပြေစေတဲ့ဈေးဝယ်မှု အတွေ့အကြုံတွေကို ပံ့ပိုးပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။




အဆိုပါ ဆမ်ဆောင်း အွန်လိုင်းစတိုးဝက်ဘ်ဆိုက်၏ လိပ်စာမှာ http//s-estoremyanmar.com ဖြစ်ပြီး မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်သည်။ ဝက်ဘ်ဆိုက်တွင် တရားဝင် တင်သွင်း ဖြန့်ချိရောင်းချနေသော ဆမ်ဆောင်း စမတ်ဖုန်းများ၊ တက်ဘလက်များနှင့် မိုဘိုင်းဖုန်း ဆက်စပ်ပစ္စည်းများကို ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်ကာ နောက်ဆုံးပေါ် ထုတ်ကုန်များဖြစ်သည့် Samsung Galaxy S7၊ S7 Edge နှင့် Samsung Galaxy On7 ကဲ့သို့သော အွန်လိုင်း သီးသန့်မော်ဒယ်သစ်များကိုလည်း မကြာမီ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ဝက်ဘ်ဆိုက်မှ ဝယ်ယူသော ပစ္စည်းများအားလုံးတွင် ဆမ်ဆောင်း၏ တစ်နှစ်အာမခံသက်တမ်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အွန်လိုင်းစတိုးမှ ဝယ်ယူခြင်းဖြင့် ဝယ်ယူသူများအနေဖြင့် Samsung Brand Shop မှ ဆမ်ဆောင်းပစ္စည်းများ ဝယ်ယူခြင်းကဲ့သို့ အကျိုးတူခံစားခွင့်များကိုလည်း လက်ခံရရှိမည်ဖြစ်သည်။

ဝယ်ယူမှုများအတွက် အိမ်တိုင်ရာရောက်ဝန်ဆောင်မှု ဆောင်ရွက်ပေးမည်ဖြစ်သော်လည်း စတင်မိတ်ဆက်သည့် ပထမဆုံးအဆင့်တွင် အိမ်တိုင်ရာရောက်ပို့ဆောင်မှုသည် ရန်ကုန်နှင့် မန္တလေးမြို့များတွင်သာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားနေရာဒေသများသို့ ပို့ဆောင်ပေးမှုကို နောက်ပိုင်းအဆင့်များတွင်မှ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းစတိုးမှ ပထမဆုံး စမ်းသပ်ဝယ်ယူလိုသူများအနေဖြင့် သိရှိလိုသည်များ စုံစမ်းမေးမြန်းနိုင်ရန် Call Centre ကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူဦးရေ တိုးတက်များပြားလာကာ ဘဏ်လုပ်ငန်းများမှာလည်း တိုးတက်လာသော ငွေရေးကြေးရေးကဏ္ဍနှင့်အတူ အွန်လိုင်းငွေကြေးစနစ်များကိုလည်း စတင်ဆောင်ရွက်နေကြပြီဖြစ်၍ မြန်မာနိုင်ငံမှ ဆမ်ဆောင်းထုတ်ကုန်များကို သုံးစွဲသူများ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ရန် အွန်လိုင်းစတိုးက စတင်မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# သင်္ကြန်ပွဲတော်တွင် တယ်လီနော က အလှုပြယာဉ်ဖြင့် ဖျော်ဖြေမည်

**ရန်ကုန် မေ ၈**

မဟာသင်္ကြန် ပွဲတော်ရက်များအတွင်း ရန်ကုန်နှင့်မန္တလေးမြို့များ၌ တယ်လီနောမြန်မာက အလှုပြယာဉ်ဖြင့် ဖျော်ဖြေမှုများ လှည့်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"Rဇာနည်၊ တင်ဇာမော်၊ ကော်နီ၊ ဖိုးသောကြာ စတဲ့ နာမည်ကြီးအဆိုတော်တွေနဲ့ ဟားငါးကောင် လူရွှင်တော်အဖွဲ့တို့က အလှုပြယာဉ်မှာ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ တယ်လီနော အသုံးပြုသူတွေ အပါအဝင် ပြည်သူအားလုံး ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာမှ မားကက်တင်းအရာရှိချုပ် Joslin E Myrthong က ပြောသည်။

အလှုပြယာဉ်တွင် သင်္ကြန်အကများ၊ သီချင်းများနှင့် အခြားဖျော်ဖြေရေး အစီအစဉ်များပါဝင်မည်ဖြစ်ကာ ရန်ကုန်မြို့တွင် ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် Junction Zawana ၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား၌လည်းကောင်း ဖျော်ဖြေမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဧပြီ ၁၅ ရက်နှင့် ၁၆ ရက်တွင် မနောဟရီလမ်းနှင့် ၆၅ လမ်းထောင့် (နေလစတိုး အနီး)နှင့် ၃၅ လမ်းနှင့် စိန်ပန်းလမ်းထောင့် (မေဇင်သိန်း Inn)တို့၌လည်းကောင်း အလှုပြယာဉ်ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်တွင်း၌ တယ်လီနောနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများကို သုံးစွဲသူများအလွယ်တကူရရှိနိုင်ရန် တယ်လီနော ကိုယ်ပိုင်ဆိုင်များဖြစ်သည့် CoCo နှင့် FoFo ဆိုင် ၂၈ဆိုင်ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သူရဖြိုး**

# ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များ အစ္စရေးနိုင်ငံသို့ သွားရောက်လေ့လာ

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံရှိ အစ္စရေးသံရုံးမှ သံအမတ်ကြီး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အတွင်းရေးမှူးအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအဖွဲ့များမှ အလုပ်အမှုဆောင်များပါဝင်သည့် Delegation အဖွဲ့သည် အစ္စရေးနိုင်ငံရှိ အိုင်တီနည်းပညာဆိုင်ရာများကို လေ့လာရန် မေ ၅ ရက်က ထွက်ခွာသွားခဲ့ပြီး မေ ၈ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အစ္စရေးနိုင်ငံမှ IT လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အစ္စရေးနိုင်ငံ Mer Telecom နှင့် Tel Aviv University သို့ သွားရောက်၍ Cyber Security နှင့် ပတ်သက်၍လေ့လာခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူးကွန်ရက်ဖြင့် အသုံးပြုနိုင်မည့် ဂီတအက်ပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် မေ ၈**

ကမ္ဘာ့နာမည်ကြီး တေးသီချင်းများနှင့် မြန်မာနိုင်ငံမှ အဆိုတော်များ၏ သီချင်းများကို ဈေးနှုန်းချိုသာစွာနှင့် တရားဝင်အနေဖြင့် ဒေါင်းလုပ်ရယူနားဆင်နိုင်မည့် mJams တေးဂီတအက်ပလီကေးရှင်းကို အူရီဒူးမြန်မာက မေ ၄ ရက်က စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ အက်ပလီကေးရှင်းကို အူရီဒူးကွန်ရက်ဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။


mJams အက်ပလီကေးရှင်းကို Ooredoo Zone နှင့် Google Play Store တို့တွင် အူရီဒူးအင်တာနက်လိုင်းဖြင့် ဒေါင်းလုပ်ရယူနိုင်ပြီး အသုံးပြုရာတွင်လည်း အူရီဒူးကွန်ရက်ဖြင့်သာ သုံးစွဲနိုင်မည်ဖြစ်သည်။

mJams အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် တစ်ပတ်လျှင် ကျပ် ၆၀၀ သာကျသင့်မည်ဖြစ်ပြီး နိုင်ငံတကာမှ နာမည်ကျော်အဆိုတော်များ၏ တေးသီချင်းများကို တိုက်ရိုက်နားဆင်ခံစားနိုင်မည့်အပြင် ပြည်တွင်းမှ နာမည်ကျော် တေးသံရှင်များ ဖြစ်သည့် လွှမ်းပိုင်၊ ပိုပို၊ ရွှေထူး၊ ဇော်ပိုင်၊ ဝိုင်းစုခိုင်သိန်းအပါအဝင် တေးသံရှင်များစွာ၏ သီချင်းများကိုလည်း စုစည်းတင်ဆက်ပေးထားပြီဖြစ်ကြောင်း၊ အက်ပလီကေးရှင်းတွင် လက်ရှိလူကြိုက်များသော သီချင်းပုံစံများအပြင် တေးသီချင်းသစ်များကို ခေတ်နှင့်အညီ အမြဲမပြတ် ပြောင်းလဲ၍တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် နိုင်ငံတကာမှ သီချင်းများကို အခမဲ့ရယူရန်အတွက် မိုဘိုင်းအက်ပလီကေးရှင်းများကို အသုံးပြုနေကြပြီးဖြစ်ရာ မြန်မာသီချင်းများကိုမူ တရားမဝင် တင်ပေးနေသော ဝက်ဘ်ဆိုက်များမှဒေါင်းလုပ်ရယူ၍ ထည့်သွင်းနားထောင်နေကြသည်။

mJams အက်ပလီကေးရှင်းမှာ မြန်မာနိုင်ငံမှ တေးသီချင်းထုတ်လုပ်သူများနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ သီချင်းများကို တရားဝင်အနေဖြင့် ရရှိနိုင်မည်ဖြစ်သလို မြန်မာအဆိုတော်အသစ်များ၊ တေးသီချင်းထုတ်လုပ်သူများအနေဖြင့်လည်း အယ်လ်ဘမ်အသစ်နှင့် တေးသီချင်းသစ်များကို mJams အက်ပလီကေးရှင်းမှတစ်ဆင့် တရားဝင်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံမှ တေးသီချင်းများကို အွန်လိုင်းအသုံးပြု၍ တရားဝင်ဖြန့်ဖြူးပေးသော ရင်းမြစ်တစ်ခု ဖြစ်လာနိုင်ရန်လည်း ရည်မှန်းထားကြောင်း သိရသည်။

**သူရဖြိုး**




**ဖောင်းကြွန့်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/8829၏ ဖောင်းကြွန့်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန့်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/ 6455, Nissan Atlas AHR 69, L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/ဥကတ(နိုင်)၀၇၄၃၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**


လုံခြုံပြီး ဝန်ဆောင်မှုမြန်ဆန်တဲ့
ကိုယ့်ဘဏ်
မြန်မာ့ရှေ့ဆောင်ဘဏ်မှ
MAB မိုဘိုင်းဘဏ်အား မိတ်ဆက်ခြင်း
ငွေပို့ / ငွေလွှဲ ဝန်ဆောင်မှု
ATM ကတ်မလိုဘဲ ငွေထုတ်နိုင်ခြင်း
ဖုန်းကြိုတင်ငွေဖြည့်ခြင်း
ငွေပေးချေခြင်း
ယခုပဲ နိုင်ငံတစ်ဝန်းမှာရှိတဲ့ နီးစပ်ရာ MAB အေးဂျင့် နှင့် MAB ဘဏ်ခွဲများသို့ အရောက်သွားပြီး ရိုးရှင်းမြန်ဆန်သော မှတ်ပုံတင်ခြင်းနှင့် အတူ MAB မိုဘိုင်းဘဏ်၏ငွေကြေးနှင့် အခြားဝန်ဆောင်မှုများကို စတင်သုံးစွဲလိုက်ပါ။
မြန်မာ့ရှေ့ဆောင်ဘဏ် ® အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
MAB
MOBILE BANK
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်

## ဖောင်းကြွပျောက် ဆုံးခြင်း

ယာဉ်အမှတ် ၆င/၈၉၂၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8003 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားတစ်ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7847 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/5776 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၉ယ/၄၀၂၈၄ ဟွန်ဒါဝေဗ် 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသီတာအောင် ၁၃/ဟပန(နိုင်) ၈၆၉၇၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8481 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၁/မမန(နိုင်)၀၁၃၉၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ **ပြည်နယ်ရုံး(မြစ်ကြီးနား)**


## လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း

# အသိပေးကြေညာချက်

* တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။
* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်-
  - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
  - ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။
  - ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူ ဖြစ်ရမည်။
  - အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
  - အသက်(၁၈)နှစ် ပြည့်ပြီး (၆၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
  - ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
* အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချခြင်း ပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့် လျှောက်ထားနိုင်ပါသည်။
* လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့်တက်ရောက်၍ အရည်အချင်းဆန်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါမည်။
* ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက်သတ်မှတ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအရေအတွက်အလိုက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။
* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။
* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။
* တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။
* ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# EPS E-9 ပြည်ပြန်လုပ်သားများ၏ လက်ရှိအောင်မြင်မှုအခြေအနေအား ဗီဒီယို (UCC)ရိုက်ကူးတင်ဆက် ယှဉ်ပြိုင်ပွဲ

၁။ အချက်အလက်

(၁) သတ်မှတ်ချက် - ကိုရီးယားနိုင်ငံတွင် E-9 ဗီဇာဖြင့် အလုပ်လုပ်ကိုင်ခဲ့သူ(တစ်ဦးချင်း)

(၂) အကြောင်းအရာ - မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် လက်ရှိအောင်မြင်မှုအခြေအနေ (တီထွင်ဆန်းသစ်စွာ စိတ်ဝင်စားဖွယ်ကောင်းအောင် တည်းဖြတ်ရိုက်ကူးရန်)

**(အကြောင်းအရာတင်ဆက်မှု)** ဘာသာစကား - မိခင်ဘာသာစကား(သို့မဟုတ်)ကိုရီးယားဘာသာစကား

(၁) မြန်မာနိုင်ငံအတွင်းရှိ ကိုရီးယားလုပ်ငန်းခွင်တွင် ဝင်ရောက်အလုပ်လုပ်ကိုင်မှု အောင်မြင်မှုအခြေအနေ

(၂) ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း လေ့လာသင်ယူခဲ့သောပညာရပ်ဖြင့် မြန်မာနိုင်ငံတွင် အခြေကျအောင်မြင်မှုအခြေအနေ

(၃) မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ကိုယ်ပိုင်စီးပွားရေးဖြင့် အောင်မြင်မှုအခြေအနေ အစရှိသဖြင့်

၂။ **ရိုက်ကူးမှုအဆင့်-** ဗီဒီယိုဖိုင် (avi, wmv, mp4, mov စသဖြင့် HD ပုံပိုးမှု၊ 700MB 5မိနစ်အတွင်း) Camcorder, Digital Camera, Mobile Phone စသည်ဖြင့် ရိုက်ကူးထားသော ဗီဒီယိုဖိုင်ဖြစ်ရမည်။

၃။ တင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ၊ ထုတ်ပြန်ကြေညာခြင်း

**လျှောက်ထားခြင်း** - ၂၉-၃-၂၀၁၆ ရက် (အင်္ဂါနေ့) ~ ၂၂-၄-၂၀၁၆ ရက် (သောကြာနေ့) (၂၅ ရက်တာ) (နံနက် ၉:၀၀ နာရီမှ ညနေ ၆:၀၀ နာရီ)၊ မြန်မာ EPS စင်တာ(စာတိုက် (သို့) ကာယကံရှင်ကိုယ်တိုင်လာရောက်ခြင်း)၊ လိပ်စာ- အမှတ် ၄၈၊ ၁၀ ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မေးမြန်းစုံစမ်းရန် ဖုန်း-၀၉-၄၃၁၄၂၈၀၆

**ထုတ်ပြန်ကြေညာခြင်း** - ၂၈-၄-၂၀၁၆ ရက် (ကြာသပတေးနေ့)

၄။ **ဆုချီးမြှင့်ခြင်း-** ပထမဆု (၁၅၀၀၀၀ကျပ်)၊ ဒုတိယဆု (၁၀၀၀၀၀ကျပ်)၊ တတိယဆု (၅၀၀၀၀ ကျပ်)

အထူးအကျိုးခံစားခွင့်- ပထမဆုရရှိသူသည် ကိုရီးယားနိုင်ငံသို့ဖိတ်ခေါ်၍ ပညာပေးပြောကြားခွင့်ပေးခြင်း လေယာဉ်ခနှင့်တကွ နေထိုင်စဉ်ကာလ အသုံးစရိတ်ကို HRD-Korea မှ ကျခံပါမည်။

၅။ သတိပြုလိုက်နာရန်

(၁) ပါဝင်ယှဉ်ပြိုင်သော ဗီဒီယိုဖိုင်ကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

(၂) အောက်ဖော်ပြပါအခြေအနေမျိုးရှိပါက ဆုပယ်ဖျက်ခြင်းနှင့် ငွေသားဆုအား ပြန်လည်သိမ်းယူမည် ဖြစ်ပါသောကြောင့် အထူးသတိပြုစေလိုပါသည်။
- ဆုရရှိပြီးနောက် ကိုရီးယားနိုင်ငံအတွင်း တားမြစ်ထားသောအချက်များဖြစ်နေခြင်း
- အခြားဆုရရှိထားပြီးဖြစ်သောအရာ၊ တုပခိုးယူထားသောအရာ၊ အခြားဗီဒီယိုဖိုင်နှင့် ရောနှောဖန်တီးထားသောအရာများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရခြင်း
- ၂၉-၃-၂၀၁၆ ရက်မတိုင်ခင် ရိုက်ကူးထားသောဗီဒီယိုဖိုင်ဖြစ်နေခြင်း
- ရုပ်ပုံ၊ အသံသည် ကိုရီးယားနိုင်ငံနှင့် မိခင်နိုင်ငံမှ ကန့်သတ်ထားသည့်အရာများ ထည့်သွင်းအသုံးပြုထားခြင်း


**မြန်မာ့သစ်လုပ်ငန်း**

## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မကွေးတိုင်းဒေသကြီး အသုံးပြုရန်မလိုအပ်သော သစ်စက်အဆောက်အအုံဟောင်းများအား ရောင်းချရန် ဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မကွေးတိုင်းဒေသကြီး အုပ်ချုပ်မှုအောက်ရှိ အသုံးပြုရန်မလိုအပ်သော သစ်စက်အဆောက်အအုံဟောင်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်အဆောက်အအုံနှင့်တည်နေရာ

| စဉ် | ရောင်းချမည့် အဆောက်အအုံ | အရေအတွက် | တည်နေရာ |
|---|---|---|---|
| ၁။ | ပင်မစက်ရုံ | ၁-လုံး | (ယခင်) အမှတ်(၉၈) သစ်စက်ဟောင်း၊ ဂန့်ဂေါမြို့ |
| ၂။ | စက်ရုံမှူးနေအိမ် | ၁-လုံး | ။ |
| ၃။ | ဝန်ထမ်းနေအိမ် | ၁-လုံး | ။ |
| ၄။ | ဂိုဒေါင် | ၃-လုံး | ။ |
| ၅။ | ဒီဇယ်သိုလှောင်ရုံ | ၁-လုံး | ။ |
| ၆။ | စတိုပစ္စည်းဂိုဒေါင် | ၁-လုံး | ။ |

(ခ) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

(ဂ) **ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၂။ ဈေးပြိုင်လေလံစည်းကမ်းချက်များကို ၂၆-၄-၂၀၁၆ ရက်အထိ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၃၀၄၈သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ **သစ်စက်အဆောက်အအုံဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

# Septic Tank တပ်ဆင်ခြင်း

ရန်ကုန်မြို့၊ (၈)မိုင်ပတ်ဝန်းကျင်တွင် Septic Tank (၂)လုံးကို လူဦးရေ (၂၅)ယောက်နှင့် (၃၀)ယောက်ကြား အသုံးပြုရန် Bio Filter Supply နှင့် Installation ပြုလုပ်လိုပါသဖြင့် Testing နှင့် Commissioning ကျွမ်းကျင်သော ကုမ္ပဏီနှင့် လက်ရှိအိမ်တွင် အသုံးပြုနေသော Septic Tank (၂)လုံးဖယ်ရှားရန် ဝန်ဆောင်မှုပေးနိုင်သောကုမ္ပဏီမှ အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၅၃၈၂၀၊ ၀၉-၄၃၁၅၃၈၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၃၂/ပေါင်းလောင်း(၂)၊ ၂၀ လမ်း၊ မြေကွက်/ဦးပိုင်အမှတ် ၅၄၇/B၊ ဧရိယာဧကရှိ မြေကွက်အား ဦးအေးမင်း (ဘ) ဦးတင်အောင် ၅/ခဥတ(နိုင်)၀၀၇၅၁၈ မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


# အများပြည်သူများသို့ သိရှိနိုင်ရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်းချက်ပါ အခွန်အကောက်(၂၁)မျိုးအနက်မှ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် တံဆိပ်ခေါင်းခွန်များကို ကောက်ခံလျက်ရှိပါသည်။

၂။ ဤသို့ အခွန်ကောက်ခံမှုများဆောင်ရွက်လျက်ရှိရာတွင် အခွန်ထမ်းပြည်သူများ၏ အခွန်ဥပဒေနှင့်စပ်လျဉ်းသည့် သိရှိလိုသောအချက်များ၊ တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုသည့်အချက်များ၊ အခွန်ဝန်ထမ်းများ၏ ပြုမူဆက်ဆံမှုများနှင့် စပ်လျဉ်း၍ မကျေနပ်ချက်များအား ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် အခွန်ဝန်ဆောင်မှုရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

၃။ အခွန်ဥပဒေနှင့်စပ်လျဉ်းသော သိရှိလိုသည့်အချက်များအား မေးမြန်းသူ၏လိပ်စာသို့လည်းကောင်း၊ တည်ဆဲအခွန်ဥပဒေနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးလိုပါကလည်း ဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆောင်ရွက်မှုအခြေအနေကို အကြံဉာဏ်ပေးသူ၏လိပ်စာသို့လည်းကောင်း အခွန်ဝန်ထမ်းများ၏ပြုမူဆက်ဆံဆောင်ရွက်မှုများနှင့် ပတ်သက်၍ အတိတကျဖြည့်စွက်တိုင်ကြားပါက အဆိုပါဝန်ထမ်းအား အရေးယူဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများမှ ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဝန်ဆောင်မှုရုံးများတွင် အောက်ဖော်ပြပါ ပုံစံများကိုရယူပြီး ကိုယ်တိုင်ရေးသွင်းပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

**Tax Question Form**

**၁။ တင်ပြသူအမည်**
1. Name

**၂။ မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

**၃။ နေရပ်လိပ်စာ**
3. Address

**၄။ ဖုန်းနံပါတ်/**Phone No. Mobile

**၅။ အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

**၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(**GIR**)**
6. Tax Payers GIR No.

**၇။ ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

**၈။ မေးမြန်းလိုသည့်အကြောင်းအရင်း**
8. Reason of Question

**၉။ အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply
10. e-mail

**၁၁။ မေးမြန်းတင်ပြချက်များ**
11. Detail of Question
**(နေရာမလောက်က ပူးတွဲတင်ပြရန်)**

**၁၂။ လက်မှတ်**
12. Signature

### အခွန်ဆိုင်ရာမေးမြန်းလိုသည့်ပုံစံ

**Tax Complaint Form**

**၁။ တင်ပြသူအမည်**
1. Name

**၂။ မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

**၃။ နေရပ်လိပ်စာ**
3. Address

**၄။ ဖုန်းနံပါတ်/**Phone No. Mobile

**၅။ အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

**၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(**GIR**)**
6. Tax Payers GIR No.

**၇။ ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

**၈။ တင်ပြလိုသည့်အကြောင်းအရင်း**
8. Reason of Complaint

**၉။ အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply
10. e-mail

**၁၁။ မကျေနပ်မှုတင်ပြချက်များ**
11. Detail of Complaint
**(နေရာမလောက်က ပူးတွဲတင်ပြရန်)**

**၁၂။ လက်မှတ်**
12. Signature

### အခွန်ဆိုင်ရာအကြံပြုလိုသည့်ပုံစံ

**Tax Advice Form**

**၁။ တင်ပြသူအမည်**
1. Name

**၂။ မှတ်ပုံတင်အမှတ်/**Passport No.
2. Identification No./Passport No.

**၃။ နေရပ်လိပ်စာ**
3. Address

**၄။ ဖုန်းနံပါတ်/**Phone No. Mobile

**၅။ အခွန်ထမ်းဟုတ်/မဟုတ်** Yes No
5. Taxpayer of IRD

**၆။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(GIR)**
6. Tax Payers GIR No.

**၇။ ဆက်သွယ်သည့်အခွန်ရုံး**
7. Contact Tax Office

**၈။ အကြံပြုလိုသည့်အကြောင်းအရင်း**
8. Reason of Advice

**၉။ အကြောင်းပြန်ကြားရန်လိပ်စာ**
9. Address to reply
10. e-mail

**၁၁။ အကြံပြုတင်ပြချက်များ**
11. Detail of Advice
**(နေရာမလောက်က ပူးတွဲတင်ပြရန်)**

**၁၂။ လက်မှတ်**
12. Signature

# အစိုးရသစ်လက်ထက်မှာ ပြည်သူလူထုလိုလားတောင့်တချက်ကို ဖြည့်စွမ်းပေးလိုက်ပြီ



နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများ လွတ်မြောက်လာ၍ ပျော်ရွှင်နေသည်ကို တွေ့ရစဉ်
ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

တွေ့ဆုံမေးမြန်း-ခင်ဘုန်းသွယ်



ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်
ဓာတ်ပုံ-လူမော်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရန် ဆန္ဒပြခဲ့သည့် ကျောင်းသားများနှင့်ဝန်းရံပြည်သူများသည် သပိတ်စစ်ကြောင်းချီတက်ဆန္ဒပြခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ပြည်သူလူထု ရွေးကောက်တင်မြှောက်လိုက်သည့် အရပ်သားအစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်နေ့တွင် ကျောင်းသားများနှင့် ဝန်းရံပြည်သူများ လွတ်မြောက်ခဲ့ကြသည်။ အဆိုပါကျောင်းသားများ လွတ်မြောက်မှုနှင့်ပတ်သက်ပြီး မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**ကိုပြုံးချို**

ဒါဟာ အစိုးရသစ်ရဲ့ရက်ပိုင်းအတွင်းမှာ နိုင်ငံရေးအရ ထိန်းသိမ်းထားတဲ့သူတွေ ပြန်လည်လွတ်မြောက်ဖို့ ဦးစားပေးတစ်ခုအဖြစ် ကြိုးပမ်းဆောင်ရွက်လိုက်ခြင်းလို့ မြင်ပါတယ်။ ပြီးတော့ နိုင်ငံသားတွေရဲ့ ကိုယ်စားပြုရွေးချယ်လိုက်ကတည်းက ပေါ်ပေါက်လာတဲ့ အစိုးရမျိုးက ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးတဲ့ အုပ်ချုပ်ရေးစနစ်အတွက် ခြေလှမ်းစလိုက်ခြင်းလို့ မှတ်ယူပါတယ်။ နိုင်ငံသားတွေရဲ့ လွတ်လပ်လုံခြုံမှုကို တန်ဖိုးထားတဲ့ခေတ်ကို အားလုံးလက်တွဲပြီး ခေါ်သွားကြဖို့လည်း ကျွန်တော် မျှော်လင့်ပါတယ်။

**ကိုဂျင်မီ**

ပထမပြောချင်တာကတော့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးကနေ ထွက်လာတဲ့ကြေညာချက်ပေါ့။ ဒါက ကျွန်တော်တို့ ကျောင်းသားတွေနဲ့ နိုင်ငံရေးသမားတွေ လွှတ်ပေးရမယ်ဆိုတဲ့ဟာက အမျိုးသားဒီမိုကရေစီအဖွဲ့ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ဒါကို မဖြစ်မနေလုပ်မယ်ဆိုတာ ကျွန်တော်တို့နားလည်ပြီးသား။ ဒါပေမယ့် လုပ်ထုံးလုပ်နည်းအပေါ်မှာ နည်းနည်းလေးကြန့်ကြာမှုတော့ ရှိနေတာပေါ့ဗျာ။ အခု လွှတ်ပေးတဲ့ ပုံစံကတော့ တရားရုံးမှာ ရင်ဆိုင်နေတဲ့ အမှုတွဲတွေကို အစိုးရတရားလို ဖြစ်တဲ့အတွက် ရုပ်သိမ်းပေးပြီးတော့ ပိတ်သိမ်းပေးတဲ့ ပုံစံတစ်ခုကို သွားနေတာတွေ့ရတယ်။ အဲဒီ အမှုတွေကို ပိတ်သိမ်းလိုက်ရင်တော့ လွတ်သွားမှာပဲ။ ခြုံပြီးပြောရင်တော့ အားလုံးကတော့ လွတ်လာမှာပဲ။ သမ္မတရဲ့ အမိန့်နဲ့ အကုန်လုံး လွတ်လာပါလိမ့်မယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖

